ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့ (5-5-2011) (၆၇၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံအနေဖြင့် ပိုလီယိုရောဂါလုံးဝပပျောက်ရေး ဆောင်ရွက်လျက်ရှိ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှု ရာနှုန်းပြည့်ရရှိရေး ဆောင်ရွက် ဝေးလံခေါင်ဖျားသည့် ကျေးရွာပါမကျန် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်မည်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံရှိ ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်နေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် နှစ်စဉ် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုများ မြင့်မြင့်မားမားရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးအောင် ဆောင်ရွက်ခဲ့ရာတွင် ပိုလီယိုအကြောသေရောဂါကို ဦးစားပေး ကူးစက်ရောဂါတစ်ခု အဖြစ် သတ်မှတ်၍ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်၏ ဒေသအလိုက်အမျိုးသား ကာကွယ်ဆေး တိုက်နေ့များ (၂၀၁၁)ကျင်းပရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ **စာမျက်နှာ ၇ ကော်လံ ၁ သို့**✳

ပြည်သူအများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး ကိုယ်ကျိုးမဖက် အကူအညီပေးသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့

အသက်ကယ်ဆယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ ဇာတ်တိုက်လေ့ကျင့်နေကြသည်ကို တွေ့ရစဉ်။

သတင်းဆောင်းပါး

ရဲဝင်းဆောင်နှင့် အေးမင်း

ဓာတ်ပုံမှတ်တမ်း - မီးသတ်ဦးစီး

မီးလောင်မှု တစ်ခုကြောင့် ဖြစ်ပေါ်ရသည့် ဆုံးရှုံးနစ်နာမှု ပမာဏသည် ယင်းမီးကို အချိန်မီငြိမ်းသတ်နိုင်မှုအပေါ်တွင် တည်မှီလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားမှု၊ နည်းပညာနှင့် အသုံးအဆောင် ပစ္စည်းများ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲပေးနိုင်မှုတို့ လိုအပ်သည့်အပြင် အများပြည်သူတို့ ပူးပေါင်း ပါဝင်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍ တစ်ခုဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၂ သို့✤

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မီဒီယာကော်နာဖွင့်ပွဲကျင်းပ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်စာစောင်များ၊ အိုင်တီပစ္စည်းများနှင့် စာရေးကိရိယာများ ရောင်းချသွားမည်

(သတင်း) စာမျက်နှာ ၃

ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းလာရေး စီးပွားရေးအင်အားစုအားလုံး ပူးပေါင်းဆောင်ရွက်

(သတင်း) စာမျက်နှာ ၈

သစ်တင်ယာဉ်များ တန်ပိုတင်မှုကြောင့် လမ်းများပျက်စီး သတ်မှတ်လမ်းအတိုင်းသယ်ယူပြီး လမ်းမပျက်စီးရေးဆောင်ရွက်

(သတင်း) စာမျက်နှာ ၉

ပန်းချီချစ်မြတ်နိုးသူများအတွက် Art Sky Star ပန်းချီပြပွဲ

(သတင်း) စာမျက်နှာ ၅

အာတိတ်ရေခဲပြင်များ အရည်ပျော်မှုကြောင့် သမုဒ္ဒရာရေမျက်နှာပြင်များ ငါးပေအထိ မြင့်တက်လာနိုင်

စတော့ဟုမ်း မေ ၄

ဂရင်းလန်ကျွန်း ရေခဲပြင်နှင့် အာတိတ်ဒေသ၏ ကျန်အစိတ်အပိုင်းများ၌ ရေခဲပြင်များ အရည်ပျော်မှုသည် မျှော်လင့်ထားသည်ထက် ပိုမိုမြန်ဆန်လျက်ရှိရာ ယခုရာစုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုသည် ငါးပေမျှ ရှိလာနိုင်ကြောင်း မေ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

လေ့လာတွေ့ရှိချက်များအရ ကမ္ဘာကြီးပူနွေးလာမှု ပြဿနာကို ရင်ဆိုင်ဖြေရှင်းရာတွင် အရေးတကြီးလုပ်ဆောင်ရန် လိုအပ်နေသည့်အဖြစ်ကို ညွှန်းဆိုနေကြောင်း အာတိတ်ဒေသ စောင့်ကြည့်ရေးနှင့် လေ့လာခန့်မှန်းရေးစီမံချက်အဖွဲ့ (အေအမ်အေပီ)က ပြောကြားသည်။ **စာမျက်နှာ ၅ ကော်လံ ၄ သို့**❄

ဂရင်းလန်ကျွန်း အရှေ့ဘက်ဒေသရှိ အရည်ပျော်ဆင်းနေသော ရေခဲလွှာကို တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်။*

ကြေးမုံ The Mirror

၅-၅-၂၀၁၁
(ကြာသပတေးနေ့)

အင်းလေးကန်နှင့် ဒေသဝန်းကျင် ထိန်းသိမ်းပြုပြင်

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုများ ပြောင်းလဲနေသည်။ ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ ဖြစ်ပေါ်နေသည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။

သစ်ပင်၊ဝါးပင် သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပျက်ယွင်းနိုင်သဖြင့် နိုင်ငံအများအပြားတွင် သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး ကာကွယ်ထိန်းသိမ်းနေကြပေပြီ။ မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် ရေဝေရေလဲ သစ်တောများ၊ သဘာဝနယ်မြေများကို ထူထောင်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီ။

ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သည် တောင်ပေါ်ရေကန်ကြီးဖြစ်သည်။ ဘိုးဘေးဘီဘင်လက်ထက်ကပင် တည်ရှိခဲ့သည့် သဘာဝ အရင်းအမြစ် ရေချိုကန်ကြီးတစ်ခုဖြစ်သည်။ နိုင်ငံတော်က ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ လှပသော အင်းလေးကန်ကြီး မတိမ်ကောစေရေး ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေး အလေးထားဆောင်ရွက်နေပြီ။ သက်ဆိုင်ရာဌာနအသီးသီးနှင့် ဒေသခံပြည်သူများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရပေမည်။

အင်းလေးကန်ကြီး မတိမ်ကောစေရေးအတွက် ကန်ဝန်းကျင် ရေဝေရေလဲ တောင်ကြောများ စိမ်းလန်းစိုပြည်ရေးလုပ်ဆောင်နေကြပြီ။ ဌာနဆိုင်ရာ အဖွဲ့အစည်းများက ရေဝေရေလဲဒေသ၌ သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးနေကြပြီ။ ဒေသခံတောင်သူများက သစ်တောသီးနှံ ရောနှောစိုက်ပျိုးရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် လုပ်ဆောင်ကြရပေမည်။

အထူးသဖြင့် ညောင်ရွှေမြို့နယ် အင်းလေးကန်ဝန်းကျင် ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးကြရပေမည်။ တောင်စောင်းစိုက်ပျိုးခြင်း၊ ရေထုအတွင်း နိုက်ထရိုဂျင်လျော့ပါးစေရေး ပြုလုပ်ခြင်း၊ ဓာတုဗေဒပိုးသတ်ဆေးများအစား သဘာဝပိုးသတ်ဆေးများ အစားထိုးသုံးစွဲရန် ဖြန့်ဝေခြင်း၊ သဘာဝမြေသြဇာအဖြစ် ကြံမြှုပ်ချေး မြေသြဇာဖြန့်ဝေခြင်းတို့ကိုလည်း မပြတ် ပြုလုပ်ကြရပေမည်။

အင်းလေးကန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည်။ ရာသီဥတုကောင်းမွန်သဖြင့် ဒေသခံတောင်သူများ ဝင်ငွေရရှိနိုင်သည့် သီးနှံနှင့် နှစ်ရှည်ပင်များ ပိုမိုစိုက်ပျိုးလာနိုင်ကြမည်။ သဘာဝမြေဆွေး၊ မြေသြဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ပိုမိုထုတ်လုပ်အသုံးပြုကြခြင်းဖြင့် ရေထုညစ်ညမ်းမှုလျှော့ချနိုင်ပြီး သဘာဝအရင်းအမြစ် အင်းလေးကန်ကြီး ရေရှည်တည်တံ့နိုင်မည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်မာအစားထိုး အထပ်သားထုတ်လုပ်နိုင်ရေးနှင့် အလေအလွင့်နည်းပါးရေး မှာကြား

ရန်ကုန် မေ ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဥသာမြို့သစ်ရှိ ချင်စုမြန်မာ အထပ်သားစက်ရုံသို့ ရောက်ရှိပြီး ကျွန်း၊ သစ်မာသားများအပြင် ရော်ဘာနှင့် သီဟိုဠ်သားများကို သစ်မာအစားထိုး အထပ်သားလုပ်ယူနိုင်ရေး၊ ရော်ဘာသစ် အချောထုတ် စက်ကိရိယာများ ပြောင်းလဲတပ်ဆင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ပုံမှန်ပြုလုပ်ပေးရေးတို့ကို မှာကြားပြီး အထပ်သား အကြမ်းထည်နှင့် အချောထည်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဥသာမြို့သစ်ရှိ Win & Win အထပ်သားစက်ရုံသို့ သွားရောက်၍ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ လုပ်သားများ၏ ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ရေးနှင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရာတွင် အလေအလွင့်နည်းပါးစေရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြည့်ရှု

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ဥသာမြို့သစ်ရှိ ချင်စုမြန်မာ အထပ်သားစက်ရုံ၌ ကြည့်ရှုစဉ်။ (သတင်းစဉ်)

Nay Pyi Taw Expo' 2011 တွင် ပုဆိန်တံဆိပ် လေဆေးဆီ ပါဝင်ပြသမည်

နေပြည်တော် မေ ၄

နေပြည်တော်တွင် မေ ၅ ရက်မှ ၈ ရက်အထိ ပထမအကြိမ် ကျင်းပမည့် Nay Pyi Taw Expo' 2011 တွင် Golden Palace Enterprises Limited မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော ပုဆိန်တံဆိပ် လေဆေးဆီ ပါဝင်ပြသရောင်းချမည်ဖြစ်သည်။

မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခရီးပန်း မူးမော်အော့အန်ခြင်း၊ အအေးမိနှာစေးခြင်း၊ ဗိုက်ရစ်အော့အန်ခြင်း၊ အရိုး၊အကြော၊အဆစ်အမြစ်ကိုက်ခဲခြင်း၊ ပိုးမွှားကိုက်ခြင်း၊ ခြင်ကိုက်ခြင်းတို့အတွက် လိမ်းလျှင်လိမ်း၊ ရှူလျှင်ရှူ သုံးစွဲနိုင်သည်။ ဆေးအရည်ဖြစ်သည့်အတွက် ပရုပ်ဆီကဲ့သို့ ဆီပေကျံခြင်းမရှိဘဲ ဆေးအနည်းငယ်သုံးရုံဖြင့် အာနိသင်ထိရောက်မှုရှိသည်။

ပုဆိန်တံဆိပ်လေဆေးဆီအပြင် ပုဆိန် ပန်းဆီနီ၊ ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီ၊လက်ကား ဝယ်ယူရောင်းချ လျှုဒါန်းလိုပါက Golden Palace Enterprises Limited အမှတ်(၃၂) လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၇၉၁၄၊ ၀၉-၉၉၂၃၀၀၄၊ မန္တလေး ဖုန်း-၀၉-၉၁၀၃၆၄၁၇နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်၊ စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မန်းသံပုရာကန်လမ်းနေ ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်းမိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ “အမျိုးနှင့်မျိုး”
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)အပန်းဖြေစခန်း
- ၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သက်တံရောင်သံစဉ်
- ၅း၁၅ ၈။ “သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်”
- ၅း၃၀ ၉။ “အက္ခရာများကပြောသောစကား”
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ “အချစ်ကော်ဖီ”(အပိုင်း-၄၉) (ကိုလင်း၊ ကိုရဲ၊ရဲရဲယု၊ ယုဇနဗိုလ်မြင့်၊ ပိုးပိုး၊ဝက်မ) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ) (အပိုင်း-၂၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ “အစာလည်းဆေး၊ ဆေးလည်းအစာ”
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ထူးခြားသောမိသားစု” (အပိုင်း-၁၃)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသော မေတ္တာ” (အပိုင်း-၅၆)**
- ၂၁။ အစီအစဉ်ပြီး၏။

ချိန်ခါမဲ့မိုး ရွာသွန်းဖြိုး

ရန်ကုန် မေ ၄

ယနေ့ကမ္ဘာကြီး၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် အချိန်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ ဆောင်းတွင်းကာလ၌ အပူချိန်မြင့်မားခြင်း၊ မိုးတွင်းကာလ၌ မိုးမရွာခြင်း၊ နွေကာလ၌ မိုးရွာခြင်း၊ မြူနှင်းများကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံဒေသအနှံ့အပြား၌လည်း ပုံမှန်မဟုတ်သော ရာသီဥတုဖောက်ပြန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ယနေ့ မေ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်အထိ နေသာပြီး အပူဒဏ်ခံစားနေရရာမှ နံနက် ၁၁ နာရီခန့်တွင် ချိန်ခါမဲ့မိုးများ တစ်နာရီခန့် အဆက်မပြတ် ရွာသွန်းခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၌ နွေကာလဖြစ်သော်လည်း မိုးတွင်းပမာ ကားလမ်းပေါ်၌ ရေကြီးကာ ယာဉ်များနှင့် လူများ သွားလာမှု ခက်ခဲကြရသည့်မြင်ကွင်းကို မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ **(ဝဲပုံ)** (ကိုကြီးသာ)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းလယ်ကျွန်းစကြံ်ရှိ မီဒီယာကော်နာဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြစဉ် နှင့် တာဝန်ရှိသူများက မီဒီယာကော်နာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မီဒီယာကော်နာဖွင့်ပွဲ ကျင်းပ

တိုင်းပြည်နှင့်လူမျိုးအတွက်၊ စာပေလောကသားများအတွက်၊ ပြည်သူများအတွက် အကျိုးကျေးဇူးကြီးမားသည့် မီဒီယာလုပ်ငန်းတစ်ခုဖြစ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်၊ စာစောင်များ၊ အိုင်တီပစ္စည်းများနှင့် စာရေးကိရိယာများကို ရောင်းချပေးသွားမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ မီဒီယာကော်နာစီမံကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မီဒီယာကော်နာဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းလယ်ကျွန်းစကြံ်ရှိ မီဒီယာကော်နာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မီဒီယာကော်နာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အဖွဲ့ဝင်များနှင့်အတူ မီဒီယာကော်နာအတွင်း သတင်းစာ၊ စာအုပ်၊ စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာရေးကိရိယာများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မီဒီယာကော်နာနှင့် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ မီဒီယာကော်နာတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မီဒီယာကော်နာများဖွင့်ပွဲအစီအစဉ်ကို စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့မီဒီယာကော်နာများ ဖွင့်လှစ်နိုင်ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအတွက်၊ စာပေလောကသားများအတွက်၊ ပြည်သူများအတွက် အကျိုးကျေးဇူးကြီးမားသည့် မီဒီယာလုပ်ငန်းတစ်ခုကို အောင်မြင်စွာစတင်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မီဒီယာကော်နာများ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ပြည်သူများ စာဖတ်သည့်အလေ့အထ ပိုမိုများပြားပွင့်လန်းလာပြီး အသိဉာဏ်၊ အတွေးအခေါ်၊ ဗဟုသုတများ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာအရာတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မှသာ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့၌ မီဒီယာကော်နာများကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

မီဒီယာကော်နာများကို ဖွင့်လှစ်ရောင်းချသူ၊ ကြီးကြပ်သူနှင့် ဝယ်ယူဖတ်ရှုသူ ပြည်သူများအားလုံးက မီဒီယာကော်နာများ၏ သန့်ရှင်းရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ အဘက်ဘက်မှ ပြည့်စုံကောင်းမွန်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ဆက်လက်၍လည်း မီဒီယာကော်နာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ပါ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းစီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်လူထုအတွက်သာမက လူများစုဖြစ်သည့် ကျေးလက်ပြည်သူများ စာအုပ်၊ စာစောင်မျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုနိုင်အောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံအသီးသီး၌ Printed Media များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကိုအခြေခံကာ ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံ၌လည်း Printed Media နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ခွင့်များရှိမှာဖြစ်ပြီး Printed Media လောကသားများကလည်း တာဝန်သိမှု၊ တာဝန်ယူမှုများ ရှိလာရမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူးနှင့် မီဒီယာကော်နာစီမံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က မီဒီယာကော်နာများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအတွက် ဦးမောင်မျိုးနှင့် ဒေါ်လီလီလှ (ကြောင်နှစ်ကောင်စာပေမိသားစု)က ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စာအုပ်အုပ်ရေ ၅၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် ရန်ကျော်နှင့် မေခလာတို့က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မီဒီယာကော်နာများကို ရန်ကုန်မြို့အတွင်းရှိ ပုဇွန်တောင်မြို့နယ်တွင် ခုနစ်နေရာ၊ ဗိုလ်တထောင်မြို့နယ်တွင် ခုနစ်နေရာ၊ ကျောက်တံတားမြို့နယ်တွင် ငါးနေရာ၊ ပန်းဘဲတန်းမြို့နယ်တွင် နှစ်နေရာ၊ လသာမြို့နယ်တွင် သုံးနေရာနှင့် လမ်းမတော်မြို့နယ်တွင် ငါးနေရာ စုစုပေါင်းမီဒီယာကော်နာ ၂၉ နေရာဖွင့်လှစ်ရန် သတ်မှတ်စီစဉ်ထားပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်၊ စာစောင်များ၊ အိုင်တီပစ္စည်းများနှင့် စာရေးကိရိယာများကို ရောင်းချပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မီဒီယာကော်နာအတွင်း သတင်းစာ၊ စာအုပ်၊ စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာရေးကိရိယာများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံအလံ လွှင့်ထူထားသောသင်္ဘောကို ဆိုမာလီဓားပြများ ပြန်လွှတ်ပေး

နိုင်ရိုဘီ မေ ၄

အင်ဒိုနီးရှားနိုင်ငံအလံလွှင့်ထူထားသော ယင်းနိုင်ငံပိုင် ကုန်တင်သင်္ဘောကြီးတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက မေ ၁ရက်တွင် ပြန်လွှတ်ပေးလိုက်ကြောင်း ဥရောပသမဂ္ဂ ပင်လယ်ဓားပြတိုက်ဖျက်ရေးတပ်ဖွဲ့က မေ ၄ရက်တွင် ပြောကြားသည်။

ယင်းသင်္ဘောကြီးသည် အာရေဗျပင်လယ်အနောက်တောင်ပိုင်းရှိ ဆိုဘိုထရာကျွန်းအရှေ့မြောက်ဘက် ရေမိုင် ၃၂၀ခန့်တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ သင်္ဘောအမည်မှာ အမ်ဗွီစီနာကူဒတ်စ်ဖြစ်ပြီး မတ် ၁၆ရက်က ပြန်ပေးဆွဲခံခဲ့ရသည်။ သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၂၀ လိုက်ပါလာခဲ့ပြီး ၎င်းတို့အားလုံးမှာ အင်ဒိုနီးရှားလူမျိုးများဖြစ်ကြသည်။

အဆိုပါသင်္ဘောကြီးသည် စင်ကာပူနိုင်ငံမှ ထွက်ခွာလာခဲ့ပြီး အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းရှိရာသို့ မောင်းနှင်နေချိန်တွင် ဓားပြတိုက်ခံရခြင်းဖြစ်သည်။ ပင်လယ်ဓားပြအင်အား ၃၀မှ ၅၀ခန့်က ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

၄၆ရက်ကြာ ဓားစာခံများအဖြစ် ထိန်းသိမ်းခံထားခဲ့ရသော ယင်းကုန်သင်္ဘောကြီးမှာ ယခုအခါ ဘေးကင်းလုံခြုံရာဆိပ်ကမ်းတစ်ခုသို့ မောင်းနှင်နေကြောင်း ဥရောပသမဂ္ဂ စုပေါင်းရေတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဆိုမာလီနှင့် ယီမင်နိုင်ငံအကြားရှိ ဧဒင်ပင်လယ်ကွေ့သည် ဥရောပနှင့် အာရှအကြား ပင်လယ်ရေလမ်းကြောင်းတွင် အဓိကရေလမ်းကြောင်းတစ်ခုဖြစ်သည်။ ပင်လယ်ဓားပြသောင်းကျန်းရာနေရာလည်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသမှ ရေနံကိုတင်ဆောင်လာသော ရေနံတင်သင်္ဘောများသည် စူးအက်တူးမြောင်းကိုဖြတ်သွားရန် ဦးစွာပထမ အေဒင်ပင်လယ်ကွေ့ကို ဖြတ်ရသည်။ ကမ္ဘာတစ်ဝန်း နေ့စဉ်တင်ပို့နေသော ရေနံပမာဏ၏ လေးရာခိုင်နှုန်းခန့်မှာ အေဒင်ပင်လယ်ကွေ့ကို ဖြတ်သန်းရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပြန်ပေးဆွဲခံရပြီးနောက် ပြန်လည်လွတ်မြောက်လာသော အင်ဒိုနီးရှား အမ်ဗွီစီနာကူဒတ်စ်သင်္ဘောကို တွေ့ရစဉ်။

ဖာတာနှင့်ဟားမားစ်အဖွဲ့များ ပြန်လည်သင့်မြတ်ရေးသဘောတူညီချက် တရားဝင် လက်မှတ်ရေးထိုး

ကိုင်ရို မေ ၄

ပါလက်စတိုင်း ဖာတာလှုပ်ရှားမှုအဖွဲ့နှင့် ဟားမားစ်လှုပ်ရှားမှုအဖွဲ့တို့အကြား ပြန်လည်သင့်မြတ်ရေး သဘောတူညီချက်ကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ မေ ၄ ရက်တွင် တရားဝင်လက်မှတ်ရေးထိုးလိုက်ကြောင်း အယ်လ်ဂျာဇီယာ အာရပ်ရုပ်မြင်သံကြားဌာနက မေ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

တရားဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှာ နှစ်နာရီခန့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ အီဂျစ်နိုင်ငံ ထောက်လှမ်းရေးဌာနချုပ်ရုံး၌ ကျင်းပသော လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဖာတာအဖွဲ့ခေါင်းဆောင် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်နှင့် ဟားမားစ်ခေါင်းဆောင် ခါလိမီရှာယယ်တို့ တက်ရောက်ခဲ့ကြသည်။

သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ပဋိပက္ခများ ပြီးဆုံးစေမည်ဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။

ဖာတာနှင့် ဟားမားစ်လှုပ်ရှားမှုအဖွဲ့များ၏ ကိုယ်စားလှယ်များသည် ပြန်လည်သင့်မြတ်ရေး သဘောတူညီချက်မူကြမ်းကို မေ ၃ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ အီဂျစ်ထောက်လှမ်းရေးညွှန်ကြားရေးမှူး မူဝါဖီ တက်ရောက်ခဲ့သည်။ **အင်တာနက်။**

အီလီနွိုက်စ်ပြည်နယ်တွင် ရေလွှမ်းမိုး

ချီကာဂို မေ ၄

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ်နှင့် ယင်းပြည်နယ်အနီးရှိ ပြည်နယ်များတွင် မုန်တိုင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် ရေလွှမ်းမိုးမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ကြည်းတပ် အင်ဂျင်နီယာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာပေါင်ရိုးတစ်ခုကို ဖောက်ခွဲပေးလိုက်ရကြောင်း၊ ယင်းသို့ပြုလုပ်လိုက်ခြင်းကြောင့် အီလီနွိုက်စ်ပြည်နယ်ရှိ ကိုင်ရိုမြို့တွင် ရေလွှမ်းမိုးခံရခြင်းမှ သက်သာရာရခဲ့ကြောင်း အီလီနွိုက်စ်ပြည်နယ်အုပ်ချုပ်ရေးမှူး ပက်ကွင်းက ပြောကြားသည်။

ပါဝင်ကူညီ

အီလီနွိုက်စ်ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယင်းမြို့သို့ သွားရောက်ကြည့်ရှုခဲ့ပြီး အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၀၀ကို နောက်ထပ်စေလွှတ်ပေးလိုက်ရာ တပ်ဖွဲ့ဝင်ပေါင်း ၄၅၀က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီလျက်ရှိသည်။

အီလီနွိုက်စ်ပြည်နယ်ရှိ ကိုင်ရိုမြို့သည် လူဦးရေ ၃၀၀၀ နေထိုင်ရာမြို့ဖြစ်သည်။ ယင်းမြို့သည် အိုဟိုင်းယိုးမြစ်နှင့် မစ္စစ္စပီမြစ် နှစ်ခုဆုံရာတွင်ရှိသည်။ အိုဟိုင်းယိုးမြစ်တွင် ရေကြီးနေဆဲဖြစ်ပြီး စံချိန်တင်ရေမှတ် ၆၁ဒသမ ၇၂ပေအထိ မြင့်တက်လျက်ရှိသည်။ မေ ၂ရက် ည ၁၀နာရီက ယင်းမြို့ရှိ တာပေါင်ရိုးကို ဖောက်ခွဲကာ ရေကိုလမ်းလွှဲပေးလိုက်ရကြောင်း သတင်းတွင် ဖော်ပြသည်။

အီလီနွိုက်စ်ပြည်နယ် ကိုင်ရိုမြို့၌ ရေလွှမ်းမိုးမှု သက်သာစေရန် တာပေါင်ရိုးကို ဖောက်ခွဲကာ လမ်းလွှဲပေးလိုက်သော ရေများသည် အိမ်နီးချင်း မစ်ဆူရီပြည်နယ် အရှေ့တောင်ပိုင်းရှိ စိုက်ခင်းများကို ရေနစ်မြုပ်စေခဲ့သဖြင့် တောင်သူများက လျော်ကြေးရရှိရန် တောင်းဆိုလျက်ရှိကြသည်။ **ဆင်ဟွာ။**

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် ချာလက်စတန်မြို့၌ ရေလွှမ်းမိုးမှု ဖြစ်ပွားနေသည်ကို မေ ၃ ရက်က တွေ့ရစဉ်။

ယခုနှစ် အောက်တိုဘာလကုန်၌ ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံရှိမည်

ကုလသမဂ္ဂ မေ ၄

ကမ္ဘာ့လူဦးရေသည် ယခုနှစ် အောက်တိုဘာ ၃၁ရက် အရောက်တွင် ခုနစ်ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ)က မေ ၃ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၉ဒသမ ၃၁ ဘီလီယံရှိမည်ဟု ခန့်မှန်းရသည်။ ကမ္ဘာ့လူဦးရေသည် ၂၁၀၀ ပြည့်နှစ်အရောက်တွင် ၁၀ ဒသမ ၁ဘီလီယံ ရှိမည်ဟု ခန့်မှန်းကြောင်း ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဌာနက ပြုစုသော အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။ **အင်တာနက်။**

ဘဂ္ဂဒက်တောင်ပိုင်း၌ ကားဗုံးပေါက်ကွဲ ၁၆ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း၌ မေ ၃ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၆ဦးထက်မနည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း ဒူရာရပ်ကွက်ရှိ ကော်ဖီဆိုင်တစ်ဆိုင်ရှေ့၌ ကားဗုံးပေါက်ကွဲခဲ့ရာတွင် ကားအများအပြားနှင့် ဈေးဆိုင်များ ပျက်စီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံရှိ မြို့ကြီးများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ **ဆင်ဟွာ။**

ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်တင်နိုင်ရန် မက္ကဆီကိုအစိုးရ ကြိုးပမ်း

မက္ကဆီကိုစီးတီး မေ ၄

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုယာဟီလာပြည်နယ်ရှိ ကျောက်မီးသွေးထုတ်လုပ်သော သတ္တုတွင်းတစ်တွင်း၌ ပိတ်မိနေသည့် မိုင်းလုပ်သား ၁၁ဦးကို ကယ်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သမ္မတဖီးလစ်ကယ်လ်ဒရွန်းက မေ ၄ရက်တွင် ပြောကြားသည်။

စပိန်နိုင်ငံမှ ဘင်ဆာအမည်ရှိကုမ္ပဏီက လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတွင်း၌ မေ ၃ရက် အစောပိုင်းမှစ၍ မိုင်းလုပ်သားများ ပိတ်မိနေခဲ့သည်။

သေဆုံး

ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် မြေအောက်ကြမ်းခင်းတစ်ခုပြိုကျခဲ့ရာ မိုင်းလုပ်သားသုံးဦး သေဆုံးခဲ့ရပြီး တစ်ဦးဒဏ်ရာရရှိကာ မိုင်းလုပ်သား ၁၁ဦးမှာ မီတာ ၆၀အနက်ရှိ မြေအောက်တွင် ပိတ်မိလျက်ရှိသည်။

မိမိ၏အစိုးရအဖွဲ့သည် ကိုယာဟီလာပြည်နယ် အာဏာပိုင်များနှင့်အတူ မိုင်းလုပ်သားများအား ကယ်တင်ရေးလုပ်ငန်းကို အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း သမ္မတ ကယ်လ်ဒရွန်းက ပြောကြားသည်။

ဆန်ယွန်ဒီဆာဘီနက်စ်မြို့ရှိ ကျောက်မီးသွေးတွင်း၌ ပိတ်မိနေသူများကို ကယ်တင်နိုင်ရန် ပြည်ထဲရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က အနီးကပ် ကြီးကြပ်လျက်ရှိကြသည်။

ထိုစဉ်အတွင်း အဆိုပါကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းတရားများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

မက္ကဆီကိုနိုင်ငံ ဆန်ယွန်ဒီဆာဘီနက်စ်မြို့ရှိ ကျောက်မီးသွေးတွင်း၌ ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်တင်ရန် ပြင်ဆင်နေကြစဉ်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နျူကလီးယားစွန့်ပစ်ပစ္စည်းသိုလှောင်ရေးစက်ရုံအနီး၌ လူငါးဦးအား ဗြိတိန်ရဲအဖွဲ့က ဖမ်းဆီးထိန်းသိမ်း

လန်ဒန် မေ ၄

ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ နျူကလီးယားစွန့်ပစ်ပစ္စည်း ပြုပြင်သိုလှောင်ရေးစက်ရုံတစ်ရုံအနီးတွင် လူငါးဦးကို ရဲတပ်ဖွဲ့က အကြမ်းဖက်မှုကာကွယ်ရေးဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မေ ၂ ရက်တွင် ဗြိတိန်ရဲအဖွဲ့က ပြောကြားခဲ့သည်။

ရဲအဖွဲ့၏အဆိုအရ မေ ၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် အနောက်ကမ်ဘရာရှိ ဆယ်လာဖီးလ်နျူကလီးယားစွန့်ပစ်ပစ္စည်း ပြုပြင်သိုလှောင်ရေးစက်ရုံ**(အောက်ပုံ)**အနီးတွင် လုံခြုံရေးကြီးကြပ်ဆောင်ရွက်နေသော ရဲအရာရှိများက ယင်းစက်ရုံအနီးသို့ ရောက်ရှိလာသော မော်တော်ယာဉ်တစ်စီးကို ရပ်တန့်စေခဲ့ပြီး ယင်းကားပေါ်ပါ အသက်နှစ်ဆယ်ကျော်လူငယ်ငါးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၁ ဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

ယင်းတို့အား ကားလ်အိုက်ဆဲလ်ရဲတပ်ဖွဲ့က တစ်ညတာထိန်းသိမ်းထားခဲ့ပြီး မေ ၂ ရက် နံနက်ပိုင်းတွင် မန်ချက်စတာသို့ ပို့ဆောင်ခဲ့သည်။ ၎င်းတို့အား စုံစမ်းစစ်ဆေးမှုများကို အနောက်မြောက်ပိုင်းအကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့မှ ဦးဆောင်ပြုလုပ်မည် ဟုဆိုသည်။

ဗြိတိန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၁ အရ အကြမ်းဖက်သမားဖြစ်ဖွယ်ရှိသည်ဟု မသင်္ကာရသူမည်သူ့ကို မဆို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခွင့်ရှိသည်။ **အင်တာနက်။**



၂၁ ရာစုအတွင်း ဆီးချိုသွေးချိုရောဂါဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများ အဓိက ခံစားရဖွယ်ရှိ နိုင်ငံတကာ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ညီလာခံတစ်ရပ် လာမည့်ဇွန်လ၌ ကျင်းပမည်

ဝါရှင်တန် မေ ၄

ဇီဝနည်းပညာစက်မှုလုပ်ငန်းအဖွဲ့ချုပ်(ဘီအိုင်အို)သည် ကလေးများ၌ဖြစ်ပွားသော ဆီးချိုသွေးချိုရောဂါဆိုင်ရာ သုတေသန ဖောင်ဒေးရှင်း(ဂျေဒီအာရ်အက်ဖ်)နှင့် ပူးပေါင်း၍ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ညီလာခံတစ်ရပ်ကို နှစ်ရက်ကြာကျင်းပ သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဆီးချိုသွေးချိုရောဂါသည် အရွယ်ရောက်သူများသာမက ကလေးများပါ ရင်ဆိုင်နေရသောဆေးကုသမှုစရိတ် မြင့်မားသည့် နာတာရှည်ရောဂါဆိုးတစ်မျိုးဖြစ်သည်။

ဘီအိုင်အို နိုင်ငံတကာညီလာခံ(၂၀၁၁)ကို အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့၌ လာမည့်ဇွန်လ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံသို့ ကမ္ဘာအရပ်ရပ်မှ မူဝါဒချမှတ်သူများနှင့် သိပ္ပံပညာရှင် ၁၅၀၀၀ မျှ တက်ရောက် မည်ဟု ခန့်မှန်းရသည်။

နှစ်ရက်ကြာမြင့်မည့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ညီလာခံ၌ ယင်းရောဂါ၏ တစ်ကမ္ဘာလုံးအပေါ် အကျိုးသက်ရောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအပေါ် ဝန်ထုပ်ဝန်ပိုး သဖွယ် ဖြစ်လာမှုအား အဓိကထားဆွေးနွေးသွားမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ ခန့်မှန်းချက် အရ လက်ရှိကာလ၌ ကမ္ဘာတစ်ဝန်းတွင် ဆီးချိုသွေးချိုရောဂါ ခံစားနေရသူ ၂၈၅ သန်းမျှရှိပြီး ၂၀၃၀ ခုနှစ်တွင် ၄၃၈ သန်း အထိ တိုးမြင့်လာမည်ဟုသိရသည်။

၂၁ ရာစုကာလအတွင်း ကပ်ရောဂါတစ်ခုအသွင် ဖြစ်လာသော ဆီးချိုသွေးချိုရောဂါ၏ အကျိုးသက်ရောက်မှုကို ဖွံ့ဖြိုးဆဲ နိုင်ငံများ ခံစားကြရမည်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုက ခန့်မှန်း ထားသည်။

သွေးအတွင်း သကြားဓာတ်မြင့်တက်လာမှုကြောင့် ဖြစ်ပွား ရသော ဆီးချိုသွေးချိုရောဂါသည် မျက်စိကွယ်ခြင်း၊ နှလုံးရောဂါ နှင့် ကျောက်ကပ်ပျက်စီးခြင်း စသော ကျန်းမာရေးဆိုင်ရာ ဘေးဥပဒ်များကို ဖြစ်ပေါ်စေသည်။ **အင်တာနက်။**

ကိုရီးယားလေကြောင်းလိုင်း အဲဘတ်စ်လေယာဉ်ငါးစင်း ထပ်မံဝယ်ယူ

ပါရီ မေ ၄

ကိုရီးယား လေကြောင်းလိုင်းသည် အဲဘတ်စ် A 330-200 အမျိုးအစား လေယာဉ်ငါးစင်း ထပ်မံမှာယူခဲ့ကြောင်း၊ ယခုမှာယူသောလေယာဉ်များ၌ အင်အား ကောင်းမွန်သော ပရက်နှင့် ဝှစ်တာနီ PW-4000 အမျိုးအစား လေယာဉ် အင်ဂျင်များ တပ်ဆင်ပေးသွားမည်ဖြစ် ကြောင်း ပြင်သစ်အခြေစိုက် အဲဘတ်စ် လေယာဉ်ကုမ္ပဏီက မေ ၄ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဦးဆောင် လေကြောင်းလိုင်းဖြစ်သည့် ကိုရီးယား လေကြောင်းမှ အဲဘတ်စ်လေယာဉ်အစင်း ၃၀မှာယူထားခဲ့ပြီး ယင်းတို့အနက် လေယာဉ် ၂၃ စင်းကို လွှဲပြောင်းပေးအပ် ခဲ့ပြီးဖြစ်ကြောင်း အဲဘတ်စ်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါကြေညာချက်အရ ကုမ္ပဏီ သည် အဲဘတ်စ် A 330-200 လေယာဉ် အမှာစာ ၁၁၀၀ ရရှိခဲ့သည်ဟုသိရပြီး ယင်းတို့အနက် လေယာဉ်စင်းရေ ၇၅၀ ကျော်ခန့်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လေကြောင်းလိုင်း ၉၀ကျော်တွင် လက်ရှိ ပျံသန်းလျက်ရှိသည်ဟု သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဦးဆောင် လေကြောင်းလိုင်းနှင့် အကြီးဆုံး လေကြောင်းလိုင်းဖြစ်သည့် ကိုရီးယား လေကြောင်းလိုင်းသည် ၂၀၁၀ ခုနှစ် တစ်နှစ်လုံးအတွက် ပျံသန်းမှုဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရရှိခဲ့ပြီး ဝင်ငွေတိုးတက်မှုမှာ နှစ်စဉ် ၂၂ ရာခိုင်နှုန်းအထက်ရှိသည်ဟုသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid International Economic & Trade Co.,Ltd. ဥက္ကဋ္ဌ Mr.Yuan Xi Zhong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid International Economic & Trade Co.,Ltd. ဥက္ကဋ္ဌ Mr.Yuan Xi Zhong နှင့် အဖွဲ့သည် မေ ၃ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းကိစ္စရပ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ နွေစပါးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၄

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် မေ ၂ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးမှုအတွက် ရေရရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး သည်။

လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ တွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ဧက ၅၀၀၀ လျာထားသတ်မှတ်ထားရာ မေ ၅ ရက်တွင် လျာထားဧကအတိုင်း စိုက်ပျိုးပြီးစီးမည်ဖြစ်သဖြင့် ထွန်တုံးပိတ်ဆောင်ရွက်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ကျောဖုံးမှ

အတ္တလန္တာမြို့၌ မေ ၅ ရက်နှင့် ၆ ရက် တို့တွင်လည်းကောင်း၊ ယင်းပြည်နယ်ရှိ ကာရိုတန်မြို့၌ မေ ၇ ရက်တွင် လည်း ကောင်း ခင်းကျင်းပြသရန် နာဆာက စီစဉ်ထားသည်။

လမျက်နှာပြင်ကျောက်သားနမူနာကို အများပြည်သူတို့အား ခင်းကျင်းပြသ ခြင်းမှာ ကြုံတောင့်ကြုံခဲဖြစ်ရပ်ဖြစ်သည်။

အပိုလို(၁၇) အာကာသခရီးစဉ်သည် အမေရိကန်နိုင်ငံက လကမ္ဘာသို့ လူလိုက် ပါသော အာကာသယာဉ်များ စေလွှတ်မှု များအနက် နောက်ဆုံးခရီးစဉ်ဖြစ်သည်။

အဆိုပါအာကာသယာဉ်ကို ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်က လွှတ်တင်ခဲ့ သည်။ အပိုလို(၁၇)အာကာသယာဉ်နှင့် အတူ အာကာသယာဉ်မှူးသုံးဦး လိုက်ပါ သွားခဲ့သည်။

Driven to Explore ဟု အမည်ပေး ထားသောပြပွဲ၌ နာဆာနှင့် အမေရိကန် အာကာသစူးစမ်းလေ့လာရေး သမိုင်း ကြောင်းကို ပြည်သူတို့ လေ့လာကြည့်ရှု နိုင်မည်ဖြစ်သည်။ **အင်တာနက်။**

ပန်းချီချစ်မြတ်နိုးသူများအတွက် Art Sky Star ပန်းချီပြပွဲ

ရန်ကုန် မေ ၄

ပန်းချီအနုပညာကို ချစ်မြတ်နိုးသူများ ကြည့်ရှုလေ့လာခံစားနိုင်ရန် ပထမအကြိမ် Art Sky Star ပန်းချီပြပွဲ၌ ပန်းချီဆရာ ခုနစ်ဦး၏ မြန်မာနိုင်ငံ ရေမြေတောတောင် သဘာဝအလှများအား ဖော်ကျူးထားသည့် မြန်မာ့ရှုခင်းပုံရိပ်များကို ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်များဖြင့် ရေးဆွဲထားသော ပန်းချီလက်ရာမွန် ၁၂၅ ကားကို ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီ၊ ပန်းပု ပြပွဲခန်းမ၌ မေ ၁၀ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆို လာရောက်ကြည့်ရှု နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ပြည်သူ့ရင်ပြင် ROYAL LINE DANCE GROUP မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြိုးနှင့် စောင့်ရှောက်ရေးသူနာပြုများ လက်ခံယူစဉ်။ (ကြေးမုံ)

❊ အာတိတ်ရေခဲပြင်များ

ကမ္ဘာကြီးပူနွေးလာမှု၏ အဓိက အကြောင်းရင်းဖြစ်သော ကာဗွန်ဒိုင် အောက်ဆိုက်ဒ်ဓာတ်ငွေ့နှင့် အခြားသော ဖန်လုံအိမ် အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချရေးနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက နှစ်နှစ်ဆယ်ကြာမျှ ဆွေးနွေးခဲ့ကြသော်လည်း အဖြေမထွက် နိုင်သေးသည့်အချိန်၌ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်မှုသတိပေးချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု ကြောင့် ကျွန်းငယ်များမှသည် အမေရိကန် နိုင်ငံ နယူးယောက်မြို့ မြေအောက် ရထားလမ်းများအထိ ရေများဖုံးလွှမ်းနိုင် ဖွယ်ရာရှိသည်။

ရေစီးကြောင်း၊ လေတိုက်ခတ်မှုနှင့် အခြားသော အကြောင်းအချက်များ ကြောင့် သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက် မှုသည် တစ်နေရာနှင့်တစ်နေရာ တူညီနိုင် မည်မဟုတ်ကြောင်း သိရသည်။

သို့ရာတွင် မြေနိမ့်ပိုင်းဒေသများဖြစ် သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်များ သည် သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက် မှုဒဏ်ကို အဆိုးရွားဆုံးခံစားကြရဖွယ် ရှိသည်။ **အင်တာနက်။**

ပြောင်းလိမ်ပြန်ပြီ BBC

အောင်ရှင်း

မိုးလုံးပြည့်မုသာဝါဒတွေနဲ့ မြန်မာပြည်သူတွေရဲ့ သောတအာရုံကို ဒုက္ခပေးနေတဲ့ BBC အသံလွှင့်ဌာနကြီးက ယခင်ရက်ပိုင်းက တပ်မတော်နဲ့ပတ်သက်ပြီး သတင်းအမှားတွေ ထုတ်လွှင့်ခဲ့ပါတယ်။

BBC က လိမ်ညာပြီး ထုတ်လွှင့်တဲ့သတင်းများဟာ သာမန်လူတစ်ဦးအနေနဲ့ကြားလိုက်ကတည်းက သတင်းအမှားဆိုတာ သိသာပေမယ့် မုသာဝါဒသတင်းဌာနများရဲ့ ထုံးစံအတိုင်း အမှန်တကယ်ရှိတဲ့ တပ်နံပါတ်တွေအသုံးပြုပြီး အမှန်တကယ် ကိုယ်တွေ့ကြုံတွေ့နေတဲ့သူတွေက ပြောဆိုသယောင်ယောင် လုပ်ကြံလီဆယ်ပြီး ထုတ်လွှင့်နေတာကြောင့် အများပြည်သူ ထင်ယောင်ထင်မှားမဖြစ်ရလေအောင် စာတစ်တန်ပေတစ်ဖွဲ့ ပြန်ပြောနေရခြင်းဖြစ်ပါတယ်။

တကယ်တော့ တပ်မတော်နဲ့ပတ်သက်ပြီး BBC သတင်းထောက် ဆွန်ခလာဘူရီက ဦးသန်းဆိုသူရဲ့ သတင်းပေးပို့ချက်များဟာ လုံးဝမမှန်သလို ယုတ္တိလုံးဝမရှိတဲ့ သတင်းအမှားများဖြစ်တယ်ဆိုတာ ကြားရတဲ့သူတိုင်းသိနေကြပါတယ်။ ယခင်ကလည်း ဦးသန်းရဲ့အကြိမ်ကြိမ်အခါခါ လိမ်ညာသတင်းပေးပို့မှုများကို BBC က အမှန်၊ အမှား အတည်ပြုခြင်းမရှိဘဲ ထပ်ဆင့် လိမ်ညာထုတ်လွှင့်ခဲ့ပါတယ်။ မုသာဝါဒီတွေရဲ့ လုပ်ကြံပြီး ပြောင်လိမ်တဲ့သတင်းထုတ်လွှင့်မှုများဟာ မရယ်ရတဲ့ဟာသများလိုပဲ ကြားရသူအပေါင်း အာရုံနောက်ခဲ့ရပါတယ်။

ယခုတစ်ခေါက်မှာလည်း မြန်မာတို့၏ နှစ်သစ်ကူးကာလ မင်္ဂလာယူနေချိန်မှာ BBC သတင်းဌာနက မရယ်ရတဲ့ဟာသသတင်းများကို စိစစ်ခြင်းမရှိဘဲ လေလှိုင်းကတစ်မျိုး၊ အင်တာနက်စာမျက်နှာများက တစ်ဖုံ အမျိုးစုံ အဖန်ဖန်တလဲလဲ ထုတ်လွှင့်ခဲ့ပြန်ပါတယ်။ သူတို့ရဲ့ လုပ်ကြံသတင်းတွေကို လေ့လာကြည့်ရင် ပြည်တွင်းက သတင်းပေးပို့ပါတယ်ဆိုတဲ့ အတုအယောင် တပ်မတော်သားဆိုသူများရဲ့ ပြောကြားမှုက တစ်လိမ်၊ ဆွန်ခလာဘူရီက BBC သတင်းထောက်ဦးသန်းရဲ့ ပြောဆိုချက်များက နှစ်လိမ် ဖြစ်နေပြီး တစ်လိမ်နှစ်လိမ်ပွေလိမ်ရှုပ်နေတဲ့ သတင်းမှားများသာ ဖြစ်ပါတယ်။ တပ်မတော်သားအချင်းချင်း သွေးကွဲစေရန်နှင့် ပြည်သူအများ ထင်ယောင်ထင်မှားဖြစ်စေရန် အဓိကလုပ်ဆောင်နေခြင်းဖြစ်ပြီး အနိမ့်ဆုံးအဆင့် ကောလာဟလများနဲ့ အများပြည်သူ စိုးရိမ်ထိတ်လန့်စေရအောင် သတင်းအမှားများ ရည်ရွယ်ထုတ်လွှင့်နေခြင်း ဖြစ်ပါတယ်။

တပ်မတော်ဖြိုခွဲရေး မဟုတ်မမှန် လုပ်ကြံသတင်းများအနက် ဧပြီလ ၁၄ ရက်နေ့ ညပိုင်းက BBC ထုတ်လွှင့်ချက်မှာ **"အင်္ဂါနေ့ ည ၈ နာရီ လောက်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီအခြေချ အမှတ်(၄) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် လက်အောက်ခံ တိုက်ကြီးမြို့မှာရှိတဲ့ ခမရ (၇၀၉)တပ်ဖွဲ့တချို့နဲ့ ခမရ(၇၁၀)ပူးပေါင်းတပ်ကို ရန်ကုန်တိုင်းဒေသကြီး အထူးတပ်တွေက ဝင်ရောက်ပစ်ခတ်ရာမှာ သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိသွားတယ်လို့ ခမရ(၇၀၉)က တပ်ကြပ်ကြီးတစ်ဦးက BBC ကို ပြောပါတယ်"**ဆိုပြီး အသံနဲ့တစ်မျိုး၊ အင်တာနက်မှတစ်ဖုံ ပြောင်လိမ်ပြီး ထုတ်လွှင့်ခဲ့ပါတယ်။

ဒီသတင်းထုတ်လွှင့်ချက်ဟာ လုံး၀(လုံး၀)မှန်ကန်မှုမရှိပါဘူး။ သတင်းအကြောင်းအရာ မှန်ကန်မှုမရှိသလို တပ်တည်နေရာနဲ့ သတင်းမှာပါရှိတဲ့ လူပုဂ္ဂိုလ်များဟာလည်း တလွဲတချော်တွေသာဖြစ်ပါတယ်။ လုပ်ကြံသတင်းကိုတောင် ယုတ္တိရှိရှိ မဖန်တီးနိုင်တော့တဲ့ ကမ္ဘာကျော် မီဒီယာသတင်းဌာနကြီးရဲ့ ရုပ်ပျက်ဆင်းပျက်နိုင်လှတဲ့ သတင်းထုတ်လွှင့်ချက်များဖြစ်ပါတယ်။ သတင်းထဲမှာဖော်ပြထားတဲ့ ခမရ(၇၀၉)နဲ့ ခမရ (၇၁၀)တို့ဟာ တပ်နံပါတ်အရ ကပ်လျက်ဖြစ်ပေမယ့် မြေပြင်မှာ တပ်တည်နေရာများက တခြားစီဖြစ်ပါတယ်။ **ခမရ(၇၀၉)ဟာ လှည်းကူးမြို့နယ်အတွင်းမှာရှိပြီး ခမရ(၇၁၀)ဟာ တိုက်ကြီးမြို့နယ်အတွင်းမှာ ရှိပါတယ်။** တပ်ရင်းနှစ်ရင်းစလုံးဟာ နှစ်သစ်ကူးတဲ့ မင်္ဂလာအချိန်မှာ တပ်ရင်းမိသားစုများရဲ့ အစီအစဉ်များနဲ့ နေ့စဉ် စတုဒိသာများတိုက်ကျွေးပြီး ပျော်ရွှင်စွာ ရေကစားလျက်ရှိပါတယ်။ ပစ်ခတ်ဖို့နေနေသာသာ စစ်သည်အချင်းချင်း စကားများရန်ဖြစ်တာတောင်မရှိဘဲ မည်သည့်ကိစ္စရပ်များမှ တောင်းဆိုခြင်းမရှိကြောင်း သိရှိရပါတယ်။

တပ်ရင်းမိသားစုများဟာ BBC ကိုနားထောင်ခြင်းမရှိသလို BBC ရဲ့လုပ်ကြံဇာတ်လမ်းဆင် တိုက်ပွဲဝင်သတင်းများကို သိတောင်မသိခဲ့ပါဘူး။ တာဝန်ရှိသူများက တပ်တွင်းမှာ ဆွေးနွေးပွဲလုပ်ပြီး ပြည်ပမီဒီယာများရဲ့ တပ်မတော်ဖြိုခွဲရေးသတင်းမှားများကို ရှင်းပြမှသာ သိရှိခဲ့ကြပါတယ်။ ဒါ့ကြောင့်မို့ တပ်မတော်သား မိသားစုများဟာ BBC က အတင်းလုပ်ကြံဖန်တီး ဇာတ်လမ်းဆင်ထုတ်လွှင့်ခဲ့တဲ့ အကြောင်းအရာများကို နားကြားပြင်းကတ်ပြီး အော့နှလုံးနာလျက်ရှိပါတယ်။

အလားတူပဲ BBC အသံလွှင့်ဌာနက မတ်လ ၂၉ ရက်၊ မတ်လ ၃၁ ရက်၊ ဧပြီလ ၁၅ ရက်နေ့များမှာ မှော်ဘီအခြေစိုက် ခလရ(၉၁)နဲ့ ပတ်သက်ပြီး လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့ပြန်ပါတယ်။ ဒီသတင်းများမှာလည်း တပ်ရင်းမှူးအမည်ကိုတောင် မှန်ကန်အောင်မဖော်ပြနိုင်ဘဲ ပြောင်လိမ်ပြီး လုံးဝမရှိခဲ့တဲ့ ဖြစ်စဉ်တွေကို အမှန်တကယ် ဖြစ်သယောင်ယောင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ မုသာဝါဒ သတင်းဌာနတို့ရဲ့ ထုံးစံအတိုင်း အမည်မဖော်လိုတဲ့ တပ်ကြပ်ကြီးတစ်ဦးဆိုပြီး ဇာတ်လိုက်ကျော် လူညာကြီး ဦးသန်းရဲ့ ပြောင်လိမ်တဲ့ အတင်းဖန်တီးမှုများသာ ဖြစ်ပါတယ်။

လူညာကြီး ဦးသန်းရဲ့ ပြောင်လိမ်တတ်တဲ့ BBC သတင်းဌာနတို့ရဲ့ ဧပြီလ ၁၅ ရက်ညပိုင်း ထုတ်လွှင့်ချက်အရ **"ပြီးခဲ့သည့် ဧပြီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)မနက်က တပ်ရင်းပြင်ပက လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ပစ်ခတ်မှုကြောင့် ခလရ(၉၁)တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်း ကျဆုံးသွားတယ်လို့ အဲ့ဒီတပ်က တပ်သားတစ်ယောက်က BBC ကို ပြောပါတယ်။ တပ်ဝင်းအပြင်ကို ထွက်သွားပြီး ၁၅ မိနစ်အကြာမှာ ပစ်ခတ်သံတွေကြားရပြီးတဲ့ နောက် တပ်ရင်းမှူးက တာဝန်ကျတပ်သားတွေကို သွားရောက်စစ်ဆေးခိုင်းတော့ တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်းကို တပ်ရင်းရဲ့ နောက်ဖေးခြံစည်းရိုးအပြင်ဘက် ကိုက် ၁၅၀ လောက်အကွာမှာ သူ့ရဲ့ပစ္စတိုကိုင်ထားလျက်နဲ့ သေဆုံးနေတာ တွေ့ကြရတယ်လို့ အဲ့ဒီနေရာကို သွားရောက်ရှင်းလင်းခဲ့တဲ့ ခလရ(၉၁)တပ်သားက ပြောပါတယ်"** ဆိုပြီး ဇာတ်လမ်းမနာ နာအောင် အလွမ်းဇာတ်လမ်းလေး ဖန်တီးခဲ့ပါတယ်။

တပ်ရင်းပြင်ပ လုံခြုံရေးတပ်မှပစ်ခတ်လို့ တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်း ကျဆုံးသွားတယ်ဆိုပြီး အမည်နာမနဲ့ ခပ်တည်တည် သတင်းဖော်ပြထားလို့ မသိတဲ့သူတွေက အဖြစ်မှန်လို့ ထင်သွားနိုင်ပါတယ်။ ဒါပေမယ့် ခလရ(၉၁)မှာ ဗိုလ်ကြီးအောင်မျိုးမင်းဆိုတဲ့ အမည်တူတောင်မရှိတာကို သိတဲ့သူများအနေနဲ့ BBC ရဲ့ သတင်းဟာ ဘယ်လောက်ထိ အောက်တန်းကျပြီး လွဲချော်နေသလဲဆိုတာ မြင်တွေ့သိရှိနိုင်ပါတယ်။

ဒီလို BBC က ပြောင်လိမ်တဲ့သတင်းတွေကို ဆန့်ကျင်ဘက် အင်တာနက်သတင်းစာမျက်နှာတွေက သံယောင်လိုက်ပြီး ထုတ်ပြန်ချက်တွေထုတ်၊ ထပ်ဆင့်လုပ်ကြံသတင်းတွေ ဖန်တီးပြီး ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် နယ်မြေမှာရှိတဲ့ တပ်မတော်သားတွေကို သွေးခွဲလှုံ့ဆော်မှုတွေ လုပ်လာနေပါတယ်။

မုသာဝါဒီများရဲ့ လုပ်ကြံဖန်တီးထုတ်လွှင့်တဲ့ သတင်းအမှားများကို မြန်မာပြည်သူအများနဲ့ တပ်မတော်သားများက လုံးဝယုံကြည်မှု မရှိသလို သူတို့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေမယ့် လုပ်ကြံဖန်တီးမှုများဟာ ထိရောက်မှုမရှိပါဘူး။ မရယ်ရတဲ့ဟာသကို နားထောင်လိုက်ရသူဟာ ဟာသလုပ်သူကို အမြင်ကတ်သလို ယုတ္တိမရှိတဲ့ လုပ်ကြံမှုကို သိလိုက်ရတဲ့သူဟာ လုပ်ကြံဖန်တီးသူကို စက်ဆုပ်ရွံရှာပါတယ်။

ယနေ့ကာလမှာ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိပါတယ်။ ဒီလို ခေတ်မီတပ်မတော်တစ်ခုအဖြစ် တည်ဆောက်နိုင်မှ ပြည်သူကြားက ပေါက်ဖွားလာတဲ့တပ်မတော်ဟာ သမိုင်းကြောင်းအစဉ်အလာအတိုင်း နိုင်ငံတော်က ယုံကြည်အားကိုးရတဲ့ တပ်မတော်၊ နိုင်ငံတကာက လေးစားရတဲ့ တပ်မတော်အဖြစ် ရောက်လာမှာဖြစ်ပြီး အရေးကြုံလာရင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

တပ်မတော်ဟာ သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သလို ဘက်ပေါင်းစုံမှာ အခြေခံကောင်းတွေ တည်ဆောက်ပေးပြီး သမိုင်းမော်ကွန်းတင်ရမယ့် ခေတ်ပြောင်း၊ စနစ်ပြောင်းကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ တပ်မတော်ရဲ့ မူလတာဝန်ဖြစ်တဲ့ တာဝန်ကြီးသုံးရပ်အပြင် လိုအပ်လို့ ထမ်းဆောင်ခဲ့ရတဲ့ နိုင်ငံရေးတာဝန်များကို အောင်အောင်မြင်မြင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့တာဟာ တပ်တွင်းစည်းလုံးညီညွတ်မှုကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တပ်မတော်ဟာ မျိုးဆက်သစ်ခေါင်းဆောင်များရဲ့ ဦးဆောင်မှုနဲ့ စည်းလုံးညီညွတ်စွာ ကျစ်လျစ်သိပ်သည်းမှုရှိတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်မြဲရေးအတွက် တပ်မတော်သားတွေဟာ အသက်၊ သွေး၊ ချွေးပေါင်းများစွာနဲ့ ပေးဆပ်ပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။

ဒါ့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာမှာ တပ်မတော်ဟာ ပင်မစွမ်းအားကြီးဖြစ်တဲ့အတွက် တပ်မတော်အင်အားရှိအောင်၊ တပ်မတော် မပြိုကွဲရလေအောင် နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စုပေါင်းစွမ်းအားဟာ တစ်သွေးတည်း တစ်သားတည်း ဖြစ်တည်နေပါတယ်။ ဒီလိုဖြစ်တည်မှုကို မလိုလားတဲ့ အဖျက်အမှောင့်သမားများက မီဒီယာနည်းလမ်းသုံးပြီး နှောင့်ယှက်တိုက်ခိုက်နေခြင်းကို အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ အမှန်အမှား ခွဲခြားနိုင်ကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူအတွက် အသက်ခန္ဓာကိုစွန့်လွှတ်ရန် သစ္စာပြုထားတဲ့ တပ်မတော်သားများဟာ စိတ်ဓာတ်နဲ့စည်းကမ်း ကောင်းမွန်အောင် လေ့ကျင့်ထားသူများဖြစ်လို့ လေလှိုင်းကနေ သွေးခွဲတာတွေကို နားမယောင်ဘဲ စက်ဆုပ်ရွံရှာလျက်ရှိပါတယ်။

ဒီလိုမဟုတ်မမှန်လုပ်ကြံသတင်းများကို ဖန်တီးနေတဲ့ ပြည်ပအဖျက်အမှောင့်သမားတွေဟာ နည်းလမ်းမျိုးစုံနဲ့ ပြည်တွင်းက သတင်းများကို ရယူပြီး အမှန်၊ အမှား စိစစ်ခြင်းမရှိဘဲ သူတို့ဖြစ်ချင်တဲ့ပုံစံကို ကလိမ်စေ့ငြမ်းဆင်ပြီး ထပ်ပြန်တလဲလဲ ထုတ်လွှင့်လေ့ရှိပါတယ်။ အထူးသဖြင့် တပ်မတော်ကနေ အကြောင်းအမျိုးမျိုးကြောင့် ထွက်ရသူများကို သတင်းပေးများအဖြစ် စည်းရုံးပြီး တပ်မတော်ဖြိုခွဲရေးကို တစိုက်မတ်မတ် လုပ်ဆောင်နေတာ သတိပြုရမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ကြံဇာတ်လမ်းများ ထုတ်လွှင့်ပြီး တပ်မတော်ဖြိုခွဲရေးလုပ်နေတဲ့အဖွဲ့များကို ဒေါ်လာငွေ ထောက်ပံ့ပေးနေတဲ့ National Endowment For Democracy(NED) အဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများမှာ ဆောင်းပါးရှင် မျိုးချစ်မောင်က ထုတ်ဖော်ရေးသားခဲ့ပြီး ဖြစ်ပါတယ်။ အစိုးရဆန့်ကျင်ရေးမီဒီယာအမျိုးမျိုးကို ဒေါ်လာထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းများရှိနေသလို မီဒီယာအမျိုးမျိုးကလည်း ဒေါ်လာရရှိရေးအတွက် ထောက်ပံ့ပေးသူများအကြိုက် အစိုးရဆန့်ကျင်ရေး၊ တပ်မတော်ဖြိုခွဲရေး သတင်းအမျိုးမျိုးကို ယခုကဲ့သို့ လုပ်ကြံသတင်းများဖန်တီးပြီး မကြာခဏထုတ်လွှင့်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလိုလုပ်ကြံသတင်းတွေ ထုတ်လွှင့်နိုင်ရန် ပြည်ပနိုင်ငံအသီးသီးမှာ ရောက်ရှိနေတဲ့ သစ္စာဖောက်စစ်ပြေးများဟာ NED အဖွဲ့နဲ့ချိတ်ဆက်ပြီး ပြည်ပရောက် မျိုးချစ်စစ်သည်ဟောင်းများအဖွဲ့ Patriotic War Veterans of Burma(PWVB) ကို အမည်ခံ ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့ဟာ ဝရမ်းပြေးသစ္စာဖောက်များပီပီ သစ္စာမဲ့စွာဖြင့် တပ်မတော်အတွင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရေး ရည်ရွယ်ချက်နဲ့ သွေးခွဲလှုံ့ဆော်မှုများကို တစိုက်မတ်မတ် လုပ်ဆောင်နေပြီး အနောက်မီဒီယာများအကူအညီဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းများကို လေလှိုင်းနဲ့ အင်တာနက်စာမျက်နှာများမှာ ဟန်ချက်ညီ ဖော်ပြလျက်ရှိနေပါတယ်။

PWVB အဖွဲ့ဝင်အများစုဟာ ၎င်းတို့ကိုယ်တိုင် ရောက်ရှိရာနိုင်ငံများမှာ ဒုက္ခသည်လိုလို၊ ဝရမ်းပြေးလိုလိုနဲ့ ပုန်းလျှိုးကွယ်လျှိုးနေထိုင်နေရပြီး အင်တာနက် Online မှတစ်ဆင့် ပြည်တွင်းကသတင်းများရရှိရေး၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားများကို ဖွဲ့ထုတ်စည်းရုံးရေးလုပ်ငန်းများကို နောက်ကွယ်က ဆရာကြီးများရဲ့ စေခိုင်းချက်အရ လုပ်ကိုင်လျက်ရှိနေပါတယ်။ ဒါ့အပြင် ယုံကြည်ချက်၊ ခံယူချက်အားနည်းပြီး တပ်မတော်ကချမှတ်ထားတဲ့ စည်းကမ်းများကို မလိုက်နာနိုင်လို့ တပ်မတော်မှ ထွက်ပြေးသွားသူတွေကို တစ်ဖက်နိုင်ငံနယ်စပ်မှာ စည်းရုံးပြီး ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို တာဝန်ပေးစေခိုင်းလေ့ရှိပါတယ်။

အမှန်စင်စစ် PWVB အဖွဲ့ဝင်အများစုဟာ ပြစ်မှုတစ်စုံတစ်ရာကြောင့် စိတ်ဓာတ်ပျက်ပြားပြီး မြန်မာ့တပ်မတော်ကနေ ပြည်ပနိုင်ငံများကို ထွက်ပြေးရောက်ရှိနေသူများသာ ဖြစ်ပါတယ်။ တပ်မတော်မကောင်းကြောင်း သတင်းဖြစ်ရင် ငွေကြေးထောက်ပံ့မှုရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုယ်သိထား တတ်ထားတာလေးတွေကို ပုံကြီးချဲ့ပြီး မဟုတ်တမ်းတရမ်းတွေပြောပြီး ရပ်တည်နေကြရရှာပါတယ်။ ကိုယ်စီကိုယ်စီ မကောင်းတဲ့အကျင့်စရိုက်ရှိသူများပီပီ ပြည်ပမှာ စုစည်းမိတော့လည်း ဒေါ်လာနဲ့ပတ်သက်လာရင် တစ်ဦးအပေါ်တစ်ဦး ဖြတ်စားလျှပ်စားလုပ်ပြီး ကိုယ့်အချင်းချင်း သတင်းကိုတောင် သက်ဆိုင်ရာကို ရောင်းစားတဲ့အထိ သစ္စာမဲ့သူများဖြစ်ပါတယ်။

ဝရမ်းပြေးသစ္စာဖောက်များဟာ သူတို့အတွက် ထောက်ပံ့ကြေးရရှိအောင်၊သူတို့မှီခိုနေရတဲ့တိုင်းပြည်မှာ အနေအစားချောင်အောင်နိုင်ငံရေးဒုက္ခသည်အဖြစ် ပုံဖော်ဖန်တီးနိုင်ဖို့အတွက် ယခုလို မဟုတ်မမှန်တဲ့ သတင်းများကို များများဖန်တီးပေးလေ့ရှိပါတယ်။ ဒါကို ကမ္ဘာကျော်သတင်းဌာနကြီးပါဆိုတဲ့ BBC သတင်းဌာနက ဒေါ်လာစားတွေက သိသိချည်းနဲ့ ထပ်ဆင့်လိမ်ညာထုတ်လွှင့်နေပြန်ပါတယ်။

ဒါ့ကြောင့်မို့ တပ်မတော်နဲ့ပတ်သက်လို့ တစ်လိမ်ပေါ်နှစ်လိမ်ဆင့်ပြီး ပွေလိမ်ရှုပ်နေတဲ့ သတင်းအမှားများကို တပ်မတော်သားများက ယုံကြည်မှုမရှိပါကြောင်းနဲ့ ပြောင်လိမ်ပြန်တဲ့ BBC ရဲ့သတင်းအမှားများကြောင့် ပြည်သူအများအနေဖြင့် စိုးရိမ်ထိတ်လန့်စရာ မလိုအပ်ပါကြောင်း အသိပေးလိုက်ရပါတယ်ခင်ဗျာ။ ॥

လျာထားသတ်မှတ်ထားသည့် ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော် စိုက်သမျှ ရှင်သန်အောင်မြင်အောင် အထူးအလေးထားဆောင်ရွက်

နေပြည်တော် မေ ၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၁ ရက်တွင် သာစည်မြို့နယ် လှိုင်းတက်သစ်ဆိပ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့နယ်တို့ရှိ သဘာဝသစ်တောအခြေအနေနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ သစ်ထုတ်ရေးဌာနရုံး၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြည်နယ်အတွက် လျာထားသတ်မှတ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက်တွင် အင်းလေးကန်ရေဝေရေလဲစိုက်ပျိုးရန်အတွက် တောင်ကြီးမြို့နယ် တောင်လေးလုံး ပျိုးဥယျာဉ်နှင့် ကလောမြို့နယ် အင်းပြင်ပျိုးဥယျာဉ်တို့၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်သမျှ ရှင်သန်အောင်မြင်အောင် အထူးအလေးထားဆောင်ရွက်ရန် မှာကြားကာ ယင်းမာပင် အမှတ်(၅၉)သစ်စက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တောင်ကြီးမြို့နယ် တောင်လေးလုံး ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းစီမံချက်၏ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ကျင်းပရေးဗဟိုဦးစီးကော်မတီ အစည်းအဝေးကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

✳ မြန်မာနိုင်ငံအနေဖြင့်မှ

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ပိုလီယိုရောဂါဖြစ်ပွားမှု အခြေအနေကို ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ် ဧပြီ ၁၃ ရက်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကောက်ယူထားသော စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ၂၀၁၀ ခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူဦးရေ စုစုပေါင်း ၁၂၉၂ ဦးရှိပြီး ဖြစ်ပွားမှုများသော နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အိန္ဒိယ၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံများ ဖြစ်ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၃ ရက်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ ၈၈ ဦး ရှိသည်ဟု သိရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေး အနည်းဆုံး (၃)ကြိမ် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ လတ်တလော ပျော့ခွေ အကြောသေရောဂါစုကို အထူးစောင့်ကြပ် ကြည့်ရှုသောစနစ်ကို ထူထောင်ဆောင်ရွက်ခြင်း၊ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ ဆောင်ရွက်သည့်အတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော် ပိုလီယိုအကြောသေရောဂါ ကင်းစင်ခဲ့ကြောင်း၊ သို့သော်လည်း ၂၀၀၆ ခုနှစ် မေလတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌လည်းကောင်း၊ ၂၀၀၇ ခုနှစ် မေလတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်များ၌လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌လည်းကောင်း ကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးများတွေ့ရှိခဲ့သည့်အပြင် ၂၀၀၇ ခုနှစ် မတ်လတွင် ပိုလီယိုကာကွယ်ဆေးတိုက် လွှမ်းခြုံမှုအားနည်းသော ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ တစ်ဖက်နိုင်ငံမှ ပိုလီယိုအရိုင်းပိုးများ ဝင်ရောက်ကူးစက်ခဲ့သဖြင့် ထိစပ်လျက်ရှိသော မြို့နယ်ပေါင်း ၁၈၀ တွင် ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလအထိ သုံးနှစ်ကြာ ပိုလီယိုရောဂါ ကူးစက်မှု ထပ်မံကင်းဝေးခဲ့ရာမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျားစီ ကျေးလက်ကျန်းမာရေးဌာနက အသက် ခုနစ်လအရွယ် ကလေးငယ် တစ်ဦးတွင် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးတွေ့ရှိခဲ့သဖြင့် ရောဂါကူးစက်မှု ရပ်တန့်သွားစေရန်အတွက် ၎င်းရွာနှင့်နီးစပ်ရာ ရွာများရှိ ကလေးငယ် ၁၀၀၀၀ ကျော်ကို ချက်ချင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး ကာကွယ်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးနှင့် နယ်မြေထိစပ်ပြီး ရောဂါပြန့်ပွားနိုင်ခြေရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၁၂၆ မြို့နယ်၌ ပိုလီယိုရောဂါပိုး ကူးစက်မှု ရပ်တန့်သွားစေရန်အတွက် အသက် ငါးနှစ်အောက် ကလေးငယ် ၂ ဒသမ ၉ သန်းအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်း နှစ်ကြိမ် တိုက်ကျွေးရန် လိုအပ်သည့်အတွက် ၂၀၁၁ ခုနှစ် မေလနှင့် ဇွန်လများတွင် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း။

ယခုနှစ် ကျင်းပမည့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁ ကျင်းပရေးလုပ်ငန်းကို အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးရန် ရည်မှန်း၍ လွှမ်းခြုံမှုရာနှုန်းပြည့်ရရှိရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သွားရောက်ရန် ခက်ခဲသည့် ဒေသများ၊ ဝေးလံခေါင်ဖျားသည့် ကျေးရွာမှကလေးများ၊ အထူးဒေသများမှ ကလေးများကိုပါ မကျန်စေရန်အတွက် အနုစိတ် စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ တစ်ချိန်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်နေစဉ်။

❖ ရှေ့ဖုံးမှ

မီးလောင်မှုဖြစ်ပွားပြီဆိုပါက အလျင်အမြန် သိရှိကာကွယ် ထိန်းသိမ်းနိုင်မှသာ ဆုံးရှုံးမှုပမာဏ လျော့နည်းစေမည် ဖြစ်သည်။ စက္ကန့်နှင့်အမျှ အပြောင်းအလဲများစွာ ဖြစ်ပေါ်စေနိုင်သည့်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် **‘မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်’** ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ပြုလျက် မီးလောင်မှုတိုင်းကို မြန်မြန်သိရှိပြီး မြန်မြန်သွားရောက်ငြိမ်းသတ်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းလျက်ရှိသည်။

မီးလောင်မှုတစ်ခုကို မြန်မြန် သိရှိစေနိုင်ရန်အတွက် ခေတ်မီနည်းပညာများကို ခေတ်နှင့်အညီ ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက “ပစ္စည်းပစ္စယအပိုင်းမှာ မီးဘေးအန္တရာယ်နဲ့ ပတ်သက်ရင် မီးသတ်ယာဉ်ကလည်း လိုအပ်ပါသေးတယ်။ နေရာတိုင်းမှာ မီးသတ်ယာဉ် လုံလုံလောက်လောက်ရှိဖို့လိုပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကြည့်ရင် အချို့နေရာတွေမှာ လုံလောက်တဲ့ မီးသတ်ယာဉ် မရှိသေးပါဘူး။ နည်းပညာရော စွမ်းရည်ရော မြင့်မားတဲ့ မီးသတ်ယာဉ်များ အသုံးပြုဖို့လိုအပ်ပါတယ်။ အခြားနိုင်ငံ မီးသတ်ယာဉ်တွေလို ကျွန်တော်တို့ဆီမှာလည်း GPS, GIS စနစ်တွေ အသုံးပြုသွားဖို့အတွက် စီစဉ်နေပါပြီ”ဟု ရှင်းပြသည်။

မီးလောင်မှုကို မြန်မြန်သိရှိစေရေးသည် ခေတ်မီနည်းပညာများကို အသုံးပြုရန် လိုအပ်သကဲ့သို့ ပြည်သူအများကလည်း မီးလောင်မှုဖြစ်လျှင် သက်ဆိုင်ရာမီးသတ်ဦးစီးဌာနများသို့ အမြန်ဆုံးအကြောင်းကြားပေးခြင်း၊ မီးလောင်ပြင်သို့ မြန်မြန်သွားရောက်နိုင်ရန်အတွက် လမ်းကြောင်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ မီးလောင်ပြင်သို့ လာရောက်ကြည့်ရှုသည့်လူများဖြင့် လမ်းကြောပိတ်ဆို့ခြင်းများ

မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ထိန်းသိမ်းပြသထားသည့် ရှေးခေတ်ဟောင်း မီးသတ်ယာဉ်ကို တွေ့ရစဉ်။

မဖြစ်စေရန် အသိရှိရှိ ကူညီဆောင်ရွက်ပေးခြင်း၊ မီးလောင်ပြင်သို့ လမ်းညွှန်ပေးခြင်းတို့သည်လည်း ထိရောက်သည့် လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။

ဦးကျော်သူရ (ညွှန်ကြားရေးမှူး၊ ဌာနချုပ်)က “မီးလောင်မှုဖြစ်ပြီဆိုတာနဲ့ မီးသတ်က မြန်မြန်သိပြီး မြန်မြန်သွားနိုင်ရင်အကောင်းဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ မီးလောင်မှုတစ်ခု စတင်ဖြစ်ပွားပြီး ငါးမိနစ်အကြာမှာ စလောင်တဲ့အိမ် ကုန်တယ်။ ရှစ်မိနစ်အကြာမှာ လေအောက်က နှစ်အိမ် ကုန်မယ်။ နောက်ထပ် ငါးမိနစ်ထပ်ကြာတိုင်း ဆပွားပြီး ကူးစက်သွားတယ်။ အဲဒါကြောင့် ပြည်သူလူထုအနေနဲ့က အသိရှိရှိ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးဖို့ လိုပါတယ်” ဟု ရှင်းပြသည်။

မီးလောင်မှုများကို လေ့လာဆန်းစစ်ကြည့်ရာတွင် ပေါ့ဆမှုကြောင့် လောင်သည့် မီးသည် မီးလောင်မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ရှိကြောင်း၊ ထိုသို့ ဖြစ်ရခြင်းသည် မီးသုံးစွဲသူတို့၏ ပေါ့လျော့စွာလုပ်ဆောင်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

“ပေါ့ဆမီးဆိုတာ ဥပမာ ခြင်ဆေးခွေထွန်းတာပေါ့။ ခြင်ဆေးခွေထွန်းတဲ့အခါမှာ အန္တရာယ်ကင်းကင်းနဲ့ ထွန်းဖို့ဆိုရင် အောက်ခံခွက်ပါရမယ်။ အောက်မှာ ကော်ဇောလိုဟာမျိုးတွေလည်း မရှိရဘူး။ အိပ်မယ်ဆိုရင်လည်း ငြိမ်းသတ်ပြီးမှ အိပ်သင့်တယ်။ အဲဒီလိုပဲ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းမယ်ဆိုရင်လည်း သတိပြုသင့်တယ်။ အဲဒီလို သတိမပြုကြရာကနေ၊ မီးကိုပေါ့ပေါ့ဆဆသုံးစွဲရာကနေ ပေါ့ဆမီးတွေ လောင်တာပါ။ သတိထားမယ်၊ လိုက်နာသင့်တာလိုက်နာမယ်ဆိုရင် ပေါ့ဆမီးလောင်မှုဟာ လျော့နည်းသွားမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက ဆိုသည်။

မီးလောင်မှုအမျိုးအစားများကို ခွဲခြားသတ်မှတ်ထားပြီး ယင်းတို့အထဲမှ အများဆုံးဖြစ်ပွားသည့် ပေါ့ဆမီးသည် ၂၀၀၈ ခုနှစ်တွင် ၄၃၃ ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ၃၀၇ ကြိမ်၊ ၂၀၁၀ ခုနှစ်တွင် ၄၆၇ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးသတ် တပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှု တစ်ခုတည်းကိုသာမက သဘာဝဘေးအန္တရာယ်များ ကျရောက်ကြုံတွေ့လာပါကလည်း ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်မီလုပ်ဆောင်နိုင်ရန် အတွက် ကြိုတင်စီစဉ်ထားမှုများ ပြုလုပ်ထားပြီဖြစ်သည်။ “အရင်ကတော့ အဲဒီလို စီစဉ်ထားတာကလည်း အားနည်းသေးတယ်။ ပြီးတော့ အတွေ့အကြုံလည်း နည်းသေးတယ်။ အခုတော့ ကြိုတင်မျှော်မှန်းပြီး သဘာဝဘေးဖြစ်တတ်တဲ့ ကာလမှာ တစ်နေရာမှာဖြစ်တာနဲ့ လွတ်ကင်းတဲ့နေရာက သူကသွားပြီး ရှာဖွေကယ်ဆယ်ရေးကို တတ်နိုင်သမျှ လုပ်နိုင်အောင် ပြင်ဆင်ထားပါတယ်”ဟု

> **“လိုက်နာသင့်တာ လိုက်နာမယ် ဆိုရင် ပေါ့ဆမီးလောင်မှု ဟာ လျော့နည်း သွား မှာဖြစ်တယ်”**
>
> ဦးတင်မိုး (ညွှန်ကြားရေးမှူးချုပ်)

သဘာဝ ဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်မီကူညီကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်စီစဉ်ထားမှုနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

မေ ၅ ရက်နေ့သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဟူသည် ကိုယ်ကျိုးမဖက် အများပြည်သူဘေးအန္တရာယ် ကင်းစေရေးအတွက် ဆောင်ရွက်ကူညီပေးရသည့် အဖွဲ့အစည်း တစ်ခုလည်းဖြစ်သည်။

ယနေ့မီးသတ်တပ်ဖွဲ့သည် အများပြည်သူ မီးဘေးအန္တရာယ်ကျရောက်မှု လျော့နည်းကျဆင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ထိရောက်လျင်မြန်စွာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခေတ်စနစ်နှင့်အညီ နည်းပညာ၊ အတတ်ပညာတို့ကို ဖြည့်ဆည်းဆောင်ရွက်နေပြီ ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု အနေဖြင့်လည်း မီးလောင်မှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့များနှင့် အတူ ပူးပေါင်းပါဝင်ကူညီသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **မီးလောင်မှုစတင်ပြီး ငါးမိနစ်အကြာမှာ စလောင်တဲ့အိမ်ကုန်တယ်။ ပြည်သူလူထုက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ဖို့လိုတယ်။**
>
> ဦးကျော်သူရ (ညွှန်ကြားရေးမှူး၊ ဌာနချုပ်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းလာရေး စီးပွားရေးအင်အားစုအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၄

သမဝါယမဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အားပေးပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့်လည်း ကျရာကဏ္ဍတွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၁၀ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "လိုရာသွန်းဖြိုးရွာတိုင်းမိုး" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၆း၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂီရောင်မြင်ကွင်းများ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၂)**
၈း၅၀ Legendary Journey Live at Singapore (Part-3)
၉း၄၅ Science For All (မြေငလျင်လှုပ်ခတ်သောအခါ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၁၀ Activities In The City (လှိုင်သာယာပညာရေးမိသားစု စုပေါင်းရဟန်းခံမင်္ဂလာ)
၁၀း၂၅ ချစ်ခင်ဖွယ်စိတ်ထားများနှင့် မြစ်သားမြို့သူမြို့သားများ
၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀ Activities In The City [အနုပညာအထက်တန်းကျောင်း (ရန်ကုန်)ပန်းချီပန်းပုဌာနနှင့် ပန်းတျာဌာနတို့၏ သင်တန်းဆင်းပွဲ]
၁၁း၂၀ ရန့်ထုံကြည်အလက်ာနှင်းဆီ (အဆိုတော်ကြာညိုသွယ်)
၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ Activities In The City (အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်၏ သင်တန်းဆင်းပွဲအခမ်းအနား)
၁၂း၂၅ သမိုင်းဝင် မဟာမွေ့ရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏စိန်ဖူး တော်နှင့်ငှက်မြတ်နားတော် အထွတ်တင်လှူပူဇော်ပွဲ
၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင်ဆေးရုံမှ နှလုံးရောဂါ ပညာပေးဟောပြောပွဲ)
၁း၀၀ "လိုရာသွန်းဖြိုးရွာတိုင်းမိုး" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၁း၄၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉၄)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၂)**
၅း၀၀ တော်ဝင်ပလာဇာမှ Lion စတိုးဆိုင်သုံးပစ္စည်းများနှင့် စုပေါင်းဈေးရောင်းပွဲတော်
၅း၁၅ ဓာတ်ပုံထဲမှအမှတ်တရများ (ဩရသ)
၅း၃၅ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၅)**
၇း၁၀ Legendary Journey Live at Singapore (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း "ပေးဆပ်ခြင်းများစွာ" (မင်းဦး၊ မိုးယံဇွန်၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ မိုးယုစံ၊ အကယ်ဒမီ ထွန်းထွန်းဝင်း) [ဒါရိုက်တာ-အကယ်ဒမီ မောင်မျိုးမင်း(ရင်တွင်းဖြစ်)]
၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၅၃)**
၁၁း၂၀ စကားနပန်း (ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်)
၁၂း၁၅ အားကစားမြင်ကွင်းစုံ
၁၂း၅၅ အနုပညာမိုးကောင်းကင်
၁း၁၅ Box Office Movies (SURRO GATES)
၁း၃၅ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၁း၅၅ Celebrity Profile (Avirl Lavigne)
၂း၃၀ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၃း၀၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၄း၀၀ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
၄း၂၀ လယ်တီသာသနာ လယ်တီကျောက်စာ
၄း၅၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် မေ ၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊လက်ရှိရာထူး၊ဌာန	**ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ဌာန**
(က) ဦးမြတ်မော် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ) ဦးစံသောင်း ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဒေါ်နန္ဒာမွန်း	ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန
(ခ) ဒေါက်တာတင်ငွေ	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(ဂ) ပါမောက္ခ ဒေါက်တာ ဒေါ်စန်းစန်းမြင့်အောင်	ပါမောက္ခချုပ် အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၅၅၀	၀. ၀၃၃၃၈၃၄
တရုတ် (ယွမ်)	၆. ၄၉၄၃၀	၀. ၁၅၃၉၈၁
အိန္ဒိယ (ရူပီး)	၄၄. ၄၃၃၀	၀. ၀၂၂၅၀၅၈
မလေးရှား (ရင်းဂစ်)	၂. ၉၇၆၅၀	၀. ၃၃၅၉၆၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၂၉	၀. ၈၁၄၈၀၁
ဂျပန် (ယန်း)	၈၀. ၉၈၁၃	၀. ၀၁၂၃၄၈၅
တောင်ကိုရီးယား(ဝမ်)	၁၄၃. ၀၇၉	၀. ၀၀၆၉၈၉၁၃
ယူရို	၀. ၆၇၀၀၈၀	၁. ၄၉၂၃၆
ဗြိတိသျှ (ပေါင်)	၀. ၆၀၄၂၉၇	၁. ၆၅၄၈၂

အင်တာနက်။

ပြည်တွင်း ဈေးကွက်သတင်း

ယခုအပတ်ပြည်တွင်းဈေးကွက်များတွင် ပဲဈေးနှုန်းများကျဆင်းလျက်ရှိကြောင်း သိရသည်။

မတ်ပဲ။ ။ မတ်ပဲဈေးကွက်တွင် မုံရွာမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ကျပ် ၆၂၁၅၀၀ ရှိခဲ့ရာမှ ကျပ် ၅၈၁၇၀၀ သို့လည်းကောင်း၊ မန္တလေးမတ်ပဲဈေးကွက်မှာ မတ်ပဲတစ်တန်လျှင် ယခင်အပတ်က ကျပ် ၆၅၃၄၀၀ မှ ကျပ် ၅၉၂၁၀၀ သို့လည်းကောင်း၊ ပြည်မတ်ပဲဈေးကွက်မှာ ကျပ် ၆၄၃၀၀၀ မှ ကျပ် ၆၂၇၆၀၀ သို့လည်းကောင်း၊ ဟင်္သာတမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ကျပ် ၆၄၃၀၀၀ မှ ကျပ် ၆၀၆၂၀၀ သို့ လည်းကောင်း အသီးသီးကျဆင်းလျက်ရှိသည်။

ပဲတီစိမ်း။ ။ ပဲတီစိမ်းဈေးကွက်တွင် မုံရွာပဲတီစိမ်းဈေးကွက်မှာ ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ကျပ် ၈၀၅၉၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၉၀၂၆၀၀ ထိ တက်လာခဲ့သည်။ မန္တလေးနှင့် ပခုက္ကူပဲတီစိမ်းဈေးကွက်မှာ ယခင်အပတ်နည်းတူ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။ ဟင်္သာတပဲတီစိမ်းဈေးကွက်တွင် ပဲတီစိမ်းတစ်တန်ဈေးနှုန်းမှာ ယခင်အပတ်က ကျပ် ၈၅၇၃၀၀ ရှိခဲ့ရာမှ ယခု ကျပ် ၈၁၁၄၀၀ သို့လည်းကောင်း ကျဆင်းလျက်ရှိသည်။

ပဲစင်းငုံ(နီ)။ ။ ပဲစင်းငုံ(နီ)ဈေးကွက်မှာ ရက်သတ္တနှစ်ပတ်ဆက်တိုက် ဈေးများကျဆင်းလျက်ရှိသည်။ မုံရွာပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင်အပတ်က ပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်း ကျပ် ၅၄၈၀၀၀ရှိခဲ့ရာမှ ယခု ကျပ် ၅၀၅၂၀၀ သို့ လည်းကောင်း၊ မန္တလေးပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင်ပဲစင်းငုံ(နီ)တစ်တန် ကျပ် ၅၅၆၀၀၀ မှ ယခု ကျပ် ၅၀၀၃၀၀ သို့ လည်းကောင်း၊ ပခုက္ကူ ပဲစင်းငုံ(နီ) ဈေးကွက်မှာ ပဲစင်းငုံ(နီ)တစ်တန်တွင် ယခင်အပတ်က ကျပ် ၅၅၄၂၀၀ ရှိခဲ့ရာမှ ကျပ် ၄၉၉၀၀၀ သို့ လည်းကောင်း အသီးသီးကျဆင်းလျက်ရှိသည်။ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော ပဲစင်းငုံ(နီ)ဈေးကွက်မှာ ပြည်ပဲစင်းငုံ(နီ)ဈေးကွက်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းမတ်ပဲနှင့် ပဲစင်းငုံဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်အခြေအနေဖြစ်နေသော်လည်း ပစ္စည်းအရည်အသွေးကြောင့် ဈေးကျခဲ့ရခြင်းဖြစ်သည်။

ကြက်သွန်နီ။ ။ ကြက်သွန်နီဈေးကွက်တွင် မန္တလေးကြက်သွန်နီဈေးကွက်မှာ ယခင်အပတ်က ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၈၀ ရှိခဲ့ရာမှ ကျပ် ၃၅၀ သို့ ကျဆင်းခဲ့သည်။ သို့သော် မုံရွာ၊ မကွေးနှင့် ပခုက္ကူကြက်သွန်နီဈေးကွက်မှာ တည်ငြိမ်လျက်ရှိသည်။

ကြက်သွန်ဖြူ။ ။ ကြက်သွန်ဖြူဈေးကွက်တွင် မုံရွာကြက်သွန်ဖြူဈေးကွက်မှာ ယခင်အပတ်က ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၁၇၀၀ သာရှိခဲ့ရာမှ ကျပ် ၂၀၀၀ ထိ တက်လာခဲ့သည်။ ရန်ကုန်ကြက်သွန်ဖြူဈေးကွက်မှာ ယခင်အပတ်က ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၁၅၀၀ မှ ယခု ကျပ် ၁၂၀၀ သို့လည်းကောင်း၊ မန္တလေးကြက်သွန်ဖြူဈေးကွက်မှာ ယခင်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၇၀၀ မှ ကျပ် ၁၆၀၀ သို့လည်း ကျဆင်းလျက်ရှိသည်။ မကွေးနှင့် ပခုက္ကူကြက်သွန်ဖြူဈေးကွက်မှာ အတက်အကျမရှိတည်ငြိမ်လျက်ရှိသည်။

ပဲဆီ။ ။ ယခုအပတ်ပြည်တွင်း ပဲဆီဈေးကွက်တွင် မုံရွာ၊ ရန်ကုန်နှင့် ပဲခူးပဲဆီဈေးကွက်မှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။ မန္တလေးပဲဆီ ဈေးကွက်မှာ ယခင်ပဲဆီတစ်ပိဿာ ကျပ် ၃၅၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၇၀၀ ထိ တက်လာခဲ့သည်။ မကွေးပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာဈေးနှုန်း ကျပ် ၃၈၅၀ မှ ကျပ် ၃၈၀၀ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

နှမ်းဆီ။ ။ ယခုအပတ်ပြည်တွင်း နှမ်းဆီဈေးကွက်တွင် ရန်ကုန်၊ မုံရွာနှင့် တောင်ကြီးနှမ်းဆီဈေးကွက်မှာ အရောင်းအဝယ်အရ ဈေးအေးလျက်ရှိပြီး မန္တလေးနှမ်းဆီဈေးကွက်တွင် ယခင်နှမ်းဆီတစ်ပိဿာ ကျပ် ၃၁၅၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၂၀၀ သို့ တက်လာခဲ့သည်။ ပဲခူးနှမ်းဆီဈေးကွက်မှာ ယခင်တစ်ပိဿာဈေးနှုန်း ကျပ် ၃၄၀၀ မှ ယခု ကျပ် ၃၆၀၀ သို့ လည်းကောင်း၊ မကွေးနှမ်းဆီဈေးကွက်မှာ ယခင် တစ်ပိဿာဈေးနှုန်း ကျပ် ၃၂၅၀ မှ ယခု ကျပ် ၃၃၀၀ သို့ လည်းကောင်း အသီးသီးဈေးနှုန်းများ ရှိခဲ့ကြောင်း သိရသည်။

စားအုန်းဆီ။ ။ ယခုအပတ်ပြည်တွင်း စားအုန်းဆီဈေးကွက်တွင် ရန်ကုန်စားအုန်းဆီဈေးကွက်မှာ ယခင် စားအုန်းဆီတစ်ပိဿာဈေးနှုန်း ၂၅၂၅ ကျပ်မှ ယခု ကျပ် ၂၇၀၀ သို့လည်းကောင်း၊ မန္တလေးစားအုန်းဆီဈေးကွက်မှာ ယခင် စားအုန်းဆီတစ်ပိဿာ ကျပ် ၂၆၅၀ မှ ယခု ကျပ် ၂၈၅၀ သို့ လည်းကောင်း၊ မကွေးစားအုန်းဆီဈေးကွက်မှာ ယခင်တစ်ပိဿာ ဈေးနှုန်း ကျပ် ၂၇၅၀ မှ ယခု ကျပ် ၂၉၅၀ သို့လည်းကောင်း၊ မုံရွာ စားအုန်းဆီဈေးကွက်မှာ ယခင် တစ်ပိဿာလျှင် ကျပ် ၂၆၈၀ သာရှိခဲ့ရာမှ ယခု ကျပ် ၂၇၀၀ သို့ လည်းကောင်း တက်လာခဲ့ပြီး တောင်ကြီး စားအုန်းဆီဈေးကွက်မှာ ယခင် တစ်ပိဿာဈေးနှုန်း ကျပ် ၂၇၀၀ မှ ယခု ကျပ် ၂၈၀၀ သို့ တက်လာခဲ့သည်။ ထိုသို့ အတက်အကျများရှိသော ဈေးကွက်များရှိသော်လည်း ပဲခူးစားအုန်းဆီဈေးကွက်မှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

နိုင်လင်းကြည်

သစ်တင်ယာဉ်များ သတ်မှတ်သစ်တိုက်လမ်းကြောင်းအတိုင်း သယ်ယူ လမ်းများမပျက်စီးစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်

နေပြည်တော် မေ ၄

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လျာထားချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးညီညီတို့က တိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်မှုနှင့် ရာသီအလိုက် သစ်တိုက်လမ်းကြောင်းများအခြေအနေ၊ သစ်တင်ယာဉ်များ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သယ်ယူမှုကြောင့် လမ်းများပျက်စီးရမှုနှင့် နိုင်ငံတော်ကထုတ်ပြန်ထားရှိသည့် လမ်းမကြီးများဆိုင်ရာဥပဒေကို လိုက်နာဆောင်ရွက်သွားရန် အခြေအနေတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က သစ်ထုတ်လုပ်ရေးလုပ်ငန်း သယ်ယူပို့ဆောင်သောယာဉ်များအနေဖြင့် လမ်းများမပျက်စီးစေရန် သတ်မှတ်တန်ချိန်သာ တင်ဆောင်ရေး၊ လမ်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သတ်မှတ်ထားသော သစ်ထုတ်လုပ်ရေးဒေသများ၌ သစ်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သစ်များကို ထုတ်လုပ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျထုတ်လုပ်သွားရေးနှင့် ထုတ်လုပ်ပြီးသစ်များကို သတ်မှတ်ထားရှိသော သစ်တိုက်လမ်းကြောင်းများအတိုင်း ဥပဒေနှင့်အညီ စည်းကမ်းတကျ သယ်ယူပို့ဆောင်ကာ လမ်းများမပျက်စီးစေရေးအတွက် စနစ်တကျ ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လျာထားချက် ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး လုပ် ငန်း ညှိ နှိုင်း အ စည်း အ ဝေး ကို မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံအခြေစိုက် Nipha Export(P) Ltd. ဥက္ကဋ္ဌ Mr.G.D.Shah နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံအခြေစိုက် Nipha Export(P) Ltd. ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံအခြေစိုက် Nipha Export(P) Ltd. ဥက္ကဋ္ဌ Mr.G.D.Shah နှင့်အဖွဲ့သည် မေ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

ပိုလာတေးဂီတဆု ပတ်တီစမစ်ဆွတ်ခူး

ဆွီဒင်နိုင်ငံ၏ ဂုဏ်ဒြပ်အကြီးမားဆုံး ပိုလာတေးဂီတဆုကို ရော့ခ်ဂီတ အကျော်အမော်တေးသံရှင် ပတ်တီစမစ်က ဆွတ်ခူးရရှိသွားသည်။

ဆွီဒင်တော်ဝင်ဂီတအကယ်ဒမီက ချီးမြှင့်သည့် အဆိုပါဆုကို ပတ်တီစမစ်သည် ခရိုနို(စ်)ကွာတတ် တေးဂီတအဖွဲ့နှင့်အတူ တက်ရောက်ယူရမည် ဖြစ်သည်။

ဆုရွေးချယ်ရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်တွင် ပတ်တီစမစ်သည် သူမ၏ဘဝကို အနုပညာလောကတွင် ပုံစံအမျိုးမျိုးဖြင့် မြှုပ်နှံထားသူတစ်ဦးဖြစ်ပြီး ရော့ခ်အင်ရိုးလ် တေးဂီတတွင် ကဗျာအလင်္ကာများ ပါဝင်သကဲ့သို့ ကဗျာအလင်္ကာတွင်လည်း ရော့ခ်အင်ရိုးလ် တေးဂီတများ ပါဝင်နေကြောင်း လက်တွေ့ပြသခဲ့သူတစ်ဦးဖြစ်သည်ဟု ဖော်ပြထားသည်။

အသက် (၆၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ပတ်တီစမစ်သည် မျိုးဆက်တစ်ခုလုံး၏ အတွေး၊ အမြင်နှင့် စိတ်ကူးအိပ်မက်များကို ပြောင်းလဲပေးခဲ့သူတစ်ဦးဖြစ်ကြောင်း ဆုရွေးချယ်ရေးကော်မတီ၏ သုံးသပ်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ပတ်တီစမစ်နှင့် ခရိုနို(စ်)ကွာတတ်တေးဂီတ ဝိုင်းတော်သားများသည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပိုလာတေးဂီတဆုပေးပွဲတွင် ဆုကြေးငွေ ပေါင် ၁၆၆၀၀၀ နှင့် ၁၀၃၀၀၀ ကို အသီးသီးလက်ခံရရှိကြမည်ဖြစ်သည်။ ဆွီဒင်နိုင်ငံတွင် ပိုလာတေးဂီတဆုကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ် ပေါ့ဂီတပညာရှင်တစ်ဦးနှင့် ဂန္ထဝင်တေးဂီတ ပညာရှင်တစ်ဦးကို ရွေးချယ်၍ဆုပေးခဲ့ရာ ယမန်နှစ်က အိုက်စလန်အဆိုတော် ဂျူတ်နှင့် အီတလီ တေးရေးဆရာ အန်နီရို မော်ရီကွန်းတို့က လက်ခံရရှိသွားသည်။

အင်တာနက်။

ပတ်တီစမစ်

ဆမ်းမားတိုင်းမ်ဘော ဂီတပဒေသာဖျော်ဖြေပွဲ ဂျနီဖာလိုပက်ဇ် တက်ရောက်ဖျော်ဖြေမည်

လန်ဒန်မြို့တော် အသံလွှင့်ဌာနက ဦးဆောင်၍နှစ်စဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ်အတွက် ဆမ်းမားတိုင်းမ်ဘော ဂီတပဒေသာဖျော်ဖြေပွဲတွင် ဂျနီဖာလိုပက်ဇ်နှင့် ဂျက်စီဂျေတို့ တက်ရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဂီတပဒေသာဖျော်ဖြေပွဲကို လန်ဒန်မြို့ ဝင်ဘလေအားကစားကွင်းကြီး၌ ဇွန် ၁၂ ရက်တွင် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ အမေရိကန်နာမည်ကြီး အဆိုတော် ဂျနီဖာလိုပက်ဇ်၊ Price Tag ကြယ်ပွင့် ဂျက်စီဂျေတို့နှင့်အတူ အမေရိကန်တေးဂီတအဖွဲ့ LMFAO လည်း တက်ရောက်ဖျော်ဖြေမည်ဖြစ်သည်။

လန်ဒန်မြို့တော် အသံလွှင့်ဌာန တာဝန်ရှိသူရောဘတ်တိုက ဆက်လက် အတည်ပြုပြောကြားသည့် တေးဂီတ အဖွဲ့နှင့် တေးသံရှင်များမှာ နီကိုးရှာဇင်ဂါ၊ အိမ်ဇမ်ပယ်၊ မိုက်ခ်ပို့စ်နာ၊ The Wanted၊ နီယို၊ Far East Movement၊ ဂျေအယ်လ်အက်စ်၊ Wretch 32၊ စီလိုဂရင်း၊ အန်ရီကေးအက်ဂ်လေးရှားစ်၊ ကေတီဘီတို့ ပါဝင်မည်ဖြစ်သည်။

ပုံမှန်လက်မှတ်များကို မေ ၉ ရက် (တနင်္လာနေ့)တွင် စတင်ရောင်းချမည်ဖြစ်ပြီး အထူးတန်းလက်မှတ်များကို မေ ၇ ရက်(စနေနေ့)တွင် စတင်ရောင်းချ မည်ဖြစ်သည်။

အင်တာနက်။

ဂျနီဖာလိုပက်ဇ်

၂၀၁၁ ခုနှစ် အမ်တီဗွီရုပ်ရှင်ဆု တင်သွင်းခံရသည့် အမည်စာရင်းထွက်ပေါ်

၂၀၁၁ ခုနှစ် အမ်တီဗွီရုပ်ရှင်ဆုများစာရင်းတွင် ဆုရရှိရန် အမည်စာရင်း တင်သွင်းခံထားရသော အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု၊ အကောင်းဆုံး ဟာသသရုပ်ဆောင်ဆုနှင့် အကောင်းဆုံးအနမ်းပေးဆုများမှာ အောက်ပါအတိုင်းဖြစ်သည်။

Twilight ဇာတ်ကား။

အကောင်းဆုံးဇာတ်ကားဆု

Black Swan
Inception
The Social Network
The Twilight Saga:Eclipse
Harry Potter and the Deathly Hallows:Part 1

အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု

Harry Potter and Deathy Hallows:Part 1 ဇာတ်ကားမှ ဒန်နီယယ်လ် ရက်ကလစ်ဖ်
The Social Network ဇာတ်ကားမှ ဂျက်စ် အိဆန်ဘာဂ်
The Twilight Saga:Eclipse ဇာတ်ကားမှ ရောဘတ်ပတ်တင်ဆန်နှင့် တေလာလော်တနာ
Charlie St.Clout ဇာတ်ကားမှ ဇက်အန်ဖရွန်

အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု

Easy A ဇာတ်ကားမှ အီမာစတုန်း
Harry Potter and The Deathly Hallows Part 1ဇာတ်ကားမှ အီမာဝက်ဆန်
Just Go With It ဇာတ်ကားမှ ဂျနီဖာအန်နစ်စတန်
The Twilight Saga:Eclipse ဇာတ်ကားမှ ခရစ္စတင်းစတီးဝက်
Black Swam ဇာတ်ကားမှ နာတာလီပေါ့မန်း

အကောင်းဆုံးဟာသသရုပ်ဆောင်ဆု

Just Go With It ဇာတ်ကားမှ အဒမ်ဆန်ဒလာ
No Strings Attached ဇာတ်ကားမှ အက်ရှတန်ကွတ်ချာ
Get Him to the Greek ဇာတ်ကားမှ ရပ်ဆယ်လ်ဘရန်
Due Date ဇာတ်ကားမှ ဇက်ချ်ဂါလီဖီရာနာကစ်

အကောင်းဆုံးအနမ်းပေးဆု

Inception ဇာတ်ကားမှ အီလန်ပေ့နှင့် ဂျိုးဇက်ဂေါ်ဒွန်လက်ဗစ်
Harry Potter and The Deathly Hallows:Part 1 ဇာတ်ကားမှ အီမာစတုန်းနှင့် ဒန်နီယယ်လ် ရက်ကလစ်ဖ်
The Twilight Saga;Eclipse ဇာတ်ကားမှ ခရစ္စတင်းစတီးဝက်နှင့် ရောဘတ်ပတ်တင်ဆန်၊ ခရစ္စတင်းစတီးဝက်နှင့် တေလာလော်တနာ
Black Swan ဇာတ်ကားမှ နာတာလီပေါ့မန်းနှင့် မီလာကူးနစ်

ဆအောဝမ်းစိုး

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ တကောင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၅၆ လက်မနှင့် ကန့်ဘလူမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင် မြားပစ်အသင်းအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် မေ ၄

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တော်၌ ကျင်းပခဲ့သော ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ် ၁၁ ခု ရယူကာ အောင်မြင်မှုရရှိခဲ့သော မြန်မာ့လက်ရွေးစင် မြားပစ်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Mount Pleasant Hotel (Meeting Room) ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာမြားပစ်အသင်း အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အောင်ပွဲရမြားပစ်အသင်းမှ အုပ်ချုပ်သူနှင့် နည်းပြများအားလည်းကောင်း၊ အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲနှင့် တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ပျမ်းမျှရမှတ် ၉ ဒသမ ၆ မှတ်စီဖြင့် အာရှစံချိန်သစ်နှစ်ခု တင်နိုင်ခဲ့သည့် ရဲမင်းဆွေအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။**(အောက်ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူအသီးသီးက တစ်ဦးချင်းပြိုင်ပွဲ၊ ရှုံးထွက် ပြိုင်ပွဲနှင့် အတွဲလိုက်ပြိုင်ပွဲ ပွဲစဉ်များတွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်ကြရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အောင်ပွဲရမြန်မာမြားပစ်အသင်း၏ ပြိုင်ပွဲအတွင်း လေယာဉ်စရိတ်နှင့် နေထိုင်စားသောက်စရိတ်များအတွက် အမေရိကန်ဒေါ်လာ USD (15000) နှင့် မြန်မာကျပ်ငွေ ငါးသိန်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ လှူဒါန်းငွေကျပ် ၃၅ သိန်းတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နေပြည်တော် FC ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ လှူဒါန်းငွေကျပ် ၃၅ သိန်းနှင့် A.C.E ဆောက်လုပ်ရေး ကုမ္ပဏီက လှူဒါန်းငွေကျပ် ၃၅ သိန်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

၂၀၁၁ ခုနှစ် မေ ၂၀ ရက်မှ စတင်၍ မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအားကစား တိုးတက်ဖွံ့ဖြိုးရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိသည့်အလျောက် (၁၉)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စေလွှတ်မည်

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည့် အာဆီယံယူ(၁၉) လူငယ် ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်(၁၉)နှစ်အောက် ဘောလုံးအသင်း အောင်မြင်မှုရရှိရေး ရည်ရွယ်လျက် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ အတွေ့အကြုံကြွယ်ဝရေးအတွက် မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲသို့ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းကို စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၃၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ရန်သူမီး

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၃၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၅။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၆။ မွေးမြူသုတ
၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၈။ မီးသတိပေးနှိုးဆော်ချက်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၂)**
၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာ မင်းသားလေး(အပိုင်း-၁၉)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း(အပိုင်း-၅)**
၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း -ပေးဆပ်ခြင်းများစွာ (အပိုင်း-၂) ဇာတ်သိမ်း
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၁၀)**
၂၅။ ဂီတရင်ခုန်သံ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ရီးယဲလ်မက်ဒရစ်ကို နောက်ကောက်ချပြီး ဘာစီလိုနာ ဗိုလ်လုပွဲတက်ပြီ

ဘာစီလိုနာ မေ ၄

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့၏ ပထမနေ့ပွဲစဉ်အဖြစ် စပိန်မြေနူးကမ့်တွင် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ သို့သော် ဘာစီလိုနာအသင်းသည် နှစ်ကျော့ပေါင်း ရလဒ်အသာဖြင့် ရီးယဲလ်မက်ဒရစ်ကို နောက်ကောက်ချပြီး ဗိုလ်လုပွဲကို တက်ရောက်သွားပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုပွဲတွင် သရေရရုံဖြင့် ဗိုလ်လုပွဲသို့ တက်နိုင်မည်ဖြစ်သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းကို အသာစီးရယူနိုင်ရေးအတွက် ပီကေး၊ ပူယိုး၊ ဇာဗီ၊ အင်နီယေစတာ၊ မာရှေယာနို၊ ဘတ်ကွက်စ်၊ ဒေးဗစ်ဗီလာ၊ မက်ဆီ၊ ပက်ဒရို စသည့် အဓိကကစားသမားများကို အသုံးပြုကာ ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းကမူ ဟီဂွါရင်ကို အထောင်ထား၍ စီရော်နယ်ဒို၊ ကာကာ၊ ဒီမာရီယာ၊ အလွန်ဆို၊ ဒီရာယာတို့၏ ပံ့ပိုးမှုဖြင့် ဘာစီလိုနာကို ၄-၂-၃-၁ ပုံစံဖြင့် ရင်ဆိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပထမအကျော့ကကဲ့သို့ ခံစစ်လုံးလုံးကစားခဲ့ခြင်းမရှိဘဲ သူတင်ကိုယ်တင်တိုက်စစ်မြှင့်ကစားခဲ့သည်။ သို့သော် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များက ရီးယဲလ်မက်ဒရစ်ကစားသမားများနှင့် ပရိသတ်ကို စိတ်ဒုက္ခရောက်စေခဲ့ရသည်။ ပထမပိုင်းတွင် ဘာစီလိုနာအသင်း ဂိုးသွင်းခွင့်များ အကြိမ်ကြိမ် ရရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်ဂိုးသမား ကာဆီးလက်စ်အကောင်းဆုံးလက်စွမ်းပြခဲ့၍ ဘာစီလိုနာအသင်း ဂိုးမရရှိဘဲ ပထမပိုင်းကို ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးစေခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်ပိုမိုမြှင့်တင်ခဲ့ရာ ပွဲချိန် ၅၄ မိနစ်တွင် အင်နီယေစတာ၏ ဖန်တီးပေးမှုမှ တစ်ဆင့် ပက်ဒရိုက ဂိုးသမားနှင့် တစ်ဦးချင်းတွေ့ပြီး ဘာစီလိုနာအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း ချေပဂိုးရရှိရေး ကစားအားတင်လာရာ ၆၄ မိနစ်တွင် မာဆယ်လိုက ချေပဂိုး ပြန်လည်သွင်းယူသွားသည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းလုံးအနိုင်ရရှိရေး ကြိုးပမ်းကြသော်လည်း တစ်ဂိုးစီ သရေဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ယခုပွဲတွင် ဘာစီလိုနာအသင်းက ဘောလုံးပိုင်ဆိုင်မှု ၆၉ ရာခိုင်နှုန်းရှိခဲ့ပြီး ဂိုးပေါက် ၁၂ ကြိမ် ကန်သွင်းခွင့်ရခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းကမူ ဘာစီလိုနာ ဂိုးပေါက်ကို လေးကြိမ်သာ ကန်သွင်းခွင့်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းမှ မက်ဆီသည် ယခုပွဲတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သော်လည်း ချန်ပီယံလိဂ်ပွဲစဉ် တစ်လျှောက် ၁၁ ဂိုးသွင်းပြီး ထိပ်ဆုံးမှ ရပ်တည်လျက် ရှိနေသည်။

ဘာစီလိုနာအသင်းသည် ယခုအိမ်ကွင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းကို သရေသာ ကစားနိုင်ခဲ့သော်လည်း နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဝင်ဘလေကွင်း၌ ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ပြီ ဖြစ်သည်။

အင်တာနက်။



အသက် (၃၉)နှစ်အထိ ဘောလုံးကစားမည်ဟု ဆိုလာသည့် ဒေးဗစ်ဘက်ခမ်း။

ဒေးဗစ်ဘက်ခမ်း အသက်(၃၉)နှစ်အထိ ဘောလုံးကစားမည်

လန်ဒန် မေ ၄

အမေရိကန်မေဂျာလိဂ် LAဂလက်ဆီအသင်း၏ ကွင်းလယ်ကစားသမား အင်္ဂလန်ငွေကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းက မိမိအနေဖြင့် အသက်(၃၉)နှစ်အထိ ဘောလုံးကစားသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဒေးဗစ်ဘက်ခမ်းသည် ပြီးခဲ့သည့် မေ ၂ ရက်(တနင်္လာနေ့)တွင် အသက် (၃၆) နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ မိမိအနေဖြင့် ကြံ့ခိုင်မှုပြည့်ဝနေ၍ နောက်ထပ် သုံးနှစ်လောက်အထိ ဘောလုံးဆက်ကစားဦးမည်ဖြစ်ကြောင်း (၃၆)နှစ်ပြည့် မွေးနေ့ပွဲတွင် ဒေးဗစ်ဘက်ခမ်းက ပြောကြားခဲ့သည်။

ဗြိတိန်တော်ဝင်မင်းသား ဝီလျံ၏ လက်ထပ်ပွဲသို့ တက်ရောက်ခဲ့သည့် ဒေးဗစ်ဘက်ခမ်းသည် စနေနေ့ကပင် အသင်းတည်ရှိရာ အမေရိကန်သို့ ပြန်ရောက်ခဲ့ပြီး အသင်းတွင် ပါဝင်ကစားလျက် ရှိနေသည်။ **အင်တာနက်။**

လီဗာပူးနည်းပြ ဒဲလ်ဂလက်ချ် ကစားသမားအပြောင်းအရွှေ့ကို ထိန်းချုပ်လို

လီဗာပူး မေ ၄

လီဗာပူးအသင်းနည်းပြ ဒဲလ်ဂလက်ချ်က မိမိအနေဖြင့် လာမည့်နွေရာသီတွင် ကစားသမား အပြောင်းအရွှေ့ကိစ္စ၌ လွတ်လွတ်လပ်လပ် ထိန်းချုပ်လုပ်ကိုင်လိုကြောင်း ဖွင့်ဟလာသည်။

လီဗာပူးတာဝန်ရှိသူများက အသင်း၏ ကစားသမား အရောင်းအဝယ်ကိစ္စကို အားကစားဒါရိုက်တာ ဒါမိန်းကိုမိုလီကို တာဝန်ပေးအပ်ထားသော်လည်း ဒဲလ်ဂလက်ချ်က ယင်းကိစ္စကို မိမိသာ ကိုင်တွယ်လိုကြောင်း ပြောကြားလာခြင်း ဖြစ်သည်။ အသင်းပိုင်ရှင် ဂျွန်ဟင်နရီကမူ အဆိုပါကိစ္စကို ဒါမိန်းကိုမိုလီနှင့် ဒဲလ်ဂလက်ချ်တို့နှစ်ဦး တိုင်တိုင်ပင်ပင်နှင့် ကိုင်တွယ်သွားစေလိုသည့် ဆန္ဒရှိနေသည်။

လက်ရှိလီဗာပူးအသင်းကို ကိုယ်တွယ်နေသည့် ဒဲလ်ဂလက်ချ်မှာ ယာယီနည်းပြဘဝအဆင့်သာ ရှိနေသေးပြီး အမြဲတမ်းနည်းပြခန့်အပ်ရေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိရှိခြင်းမရှိသကဲ့သို့ ကမ်းလှမ်းခံရမှုမျိုးလည်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ကစားသမားအပြောင်းအရွှေ့ကို ထိန်းချုပ်လိုနေသည့် လီဗာပူးနည်းပြ ဒဲလ်ဂလက်ချ်။

ဂျပန်စကိတ်စီးမယ် မီကီအင်ဒို ရွှေတံဆိပ်ဆွတ်ခူး

မော်စကို မေ ၄

2011 World Figure Skating Championship ပြိုင်ပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့ရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျပန်စကိတ်စီးမယ် မီကီအင်ဒိုက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

မီကီအင်ဒိုသည် သူမ၏ အဓိကပြိုင်ဘက် တောင်ကိုရီးယားနိုင်ငံသူ အိုလံပစ်ချန်ပီယံ ကင်ယူနာကို ကျော်ဖြတ်၍ ရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ဆုရ မီကီအင်ဒိုက မိမိအနေဖြင့် ရွှေတံဆိပ်ဆုရခဲ့၍ အလွန်ပျော်ရွှင်မိကြောင်း၊ မိမိစကိတ်စီးခဲ့သည်မှာ ဂျပန်နိုင်ငံအတွက်ဖြစ်ကြောင်း၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ခဲ့၍ ယမန်နှစ်ကထက် ပိုမိုကောင်းမွန်သည့် စကိတ်စီးမယ်တစ်ယောက် ဖြစ်လာခဲ့ရကြောင်း ပြောကြားခဲ့သည်။ မီကီအင်ဒိုသည် ၂၀၀၇ ခုနှစ်ကလည်း ချန်ပီယံဆု ရရှိခဲ့ဖူးသည်။ **အင်တာနက်။**

ရွှေတံဆိပ်ဆုရ ဂျပန်စကိတ်စီးမယ် မီကီအင်ဒို။

နော့ဝစ်ချ်အသင်း ပရီမီယာလိဂ်သို့ တိုက်ရိုက်ဝင်ခွင့်ရ

လန်ဒန် မေ ၄

အင်္ဂလန်ချန်ပီယံရှစ်ကလပ် နော့ဝစ်ချ်စီးတီးသည် ကျူပီအာအသင်း၏အောက်က ဒုတိယရကာ ပရီမီယာလိဂ်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရခဲ့ပြီ ဖြစ်သည်။

နော့ဝစ်ချ်စီးတီးအသင်းသည် ပွဲစဉ် (၄၅)အပြီးတွင် ခြောက်နှစ်ကြာ ဝေးကွာခဲ့ရသည့် ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲကျန်နေသေးချိန်တွင် နော့ဝစ်ချ်စီးတီးအသင်း၏ သွင်းဂိုးမှာ ၈၁ ဂိုးအထိ ရှိခဲ့ပြီဖြစ်၍ ချန်ပီယံရှစ် ပထမရသည့် ကျူပီအာထက်ပင် သွင်းဂိုးပိုမိုခဲ့သည်။

လက်ကျန်တစ်ပွဲကစားရန် ရှိနေသေးသော်လည်း ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရမည့် လက်ကျန်တစ်နေရာအတွက် play-off ကစားရမည့်အသင်း လေးသင်း ပေါ်ထွက်လာခဲ့သည်။ အဆိုပါအသင်းများမှာ အဆင့်(၃)မှ ကာဒက်ဖ်စီးတီး၊ အဆင့်(၄)မှ ဆွမ်ဆီး၊ အဆင့်(၅)မှ ရီဒင်းနှင့် အဆင့်(၆)မှ နော့တင်ဟမ်ဖောရက်စ် အသင်းများပင် ဖြစ်သည်။ play-off ပွဲစဉ်များကို မေ ၁၂ ရက် (ကြာသပတေးနေ့)တွင် စတင်ယှဉ်ပြိုင်ကစားစေမည် ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

Top Royal Cinema

အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်လှစ်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

Top Royal အဆင့်မြင့်ရုပ်ရှင်ရုံအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar Iwatani LPG Trading Co.,Ltd.

Barons Machinery & Engineering Pte.,Ltd.

Nova General Industries Co.,Ltd.

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပညာဂုဏ်ရောင် အလင်းဆောင်

မေတ္တာကမ္ဘာ ကျေးရွာစာကြည့်တိုက်ဖွင့်

ပခုက္ကူ မေ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သနပ်ပင်ကုန်းကျေးရွာအုပ်စု ချောင်းဦးတိုကျေးရွာ၌ နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်သည့် မေတ္တာကမ္ဘာ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

လှူဒါန်းပွဲတွင် သုတ၊ ရသ စာအုပ်များနှင့် ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တောင်ငူ၌ စာပေဟောပြောပွဲ ကျင်းပမည်

တောင်ငူ မေ ၄

တောင်ငူမြို့မှ လူငယ်ကာတွန်းဆရာများနှင့် မြို့မိမြို့ဖ စာချစ်သူများအဖွဲ့တို့မှ ပူးပေါင်း၍ စာဖတ်ရှိန် မြှင့်တင်ရေး စာအုပ်ဈေးရောင်းပွဲတော်နှင့် စာပေဟောပြောပွဲကို တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဝင်းရုပ်ရှင်ရုံ၌ မေ ၅ ရက်မှ ၉ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာမ နုနုရည် (အင်းဝ)၊ စာရေးဆရာ ဟိန်းလတ်၊ စာရေးဆရာမ ဂျူး၊ စာရေးဆရာ မောင်သာချို(ဂျက်ကွမ်းခြံကုန်း)၊ စာရေးဆရာ အတ္တကျော်(ဆူဒိုနင်)၊ စာရေးဆရာ လယ်တွင်းသားစောချစ်၊ စာရေးဆရာ ကျော်ရင်မြင့်၊ စာရေးဆရာ ဦးဘုန်း(ဓာတု)၊ စာရေးဆရာမ ခင်ခင်ထူး၊ စာရေးဆရာ နေဝင်းမြင့်နှင့် စာရေးဆရာ ချစ်ဦးညိုတို့ဖြစ်ကြောင်း သိရှိရသည်။

စာပေဝါသနာရှင်များအနေဖြင့် စာပေဟောပြောပွဲသို့ မည်သူမဆို အခမဲ့ တက်ရောက်နားဆင်နိုင်ကြောင်း သိရှိရသည်။ (၄၇၂)

Myanmar Politics(1958-1962)Vol .III, IV

စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၄

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက MYANMAR POLITICS (1958-1962) Vol. III နှင့် IVစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်သည် ငါးနှစ်တာကာလအတွင်း ဖြစ်ပျက်ခဲ့သော မြန်မာသမိုင်းဖြစ်ရပ်တို့မှ နိုင်ငံရေးနယ်ပယ်တစ်ခုတည်းကို အထူးပြု၍ ရေးသားပြုစုထားခြင်းဖြစ်သည်။

မြန်မာ့သမိုင်းသုတေသနစာစောင်နှင့် သုတေသနပြု၍ ရေးသားထားသော စာအုပ်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကိုဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိမဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်များဖြစ်သည်။

စာအုပ်ဈေးနှုန်းများမှာ တတိယတွဲ ငွေကျပ် ၃၂၀၀ နှင့် စတုတ္ထတွဲ ငွေကျပ် ၂၈၀၀ တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၃၈၄၊ ၄၀၈၃၄၄ တို့သို့လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၅နှင့် ၃၉၅၁၉၂ တို့သို့ လည်းကောင်း ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

ဝါဏိဇ္ဇတွဲ့ရများအသင်း မြန်မာနိုင်ငံမှကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Accounting Polices, Estimates and Errors ခေါင်းစဉ်ဖြင့် မေ ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀)အောက် ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇၊ ၀၉-၇၃၀၈၀၂၆၉ နှင့် ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျိုက်ထိုမြို့နယ်၌ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မေ ၄

ကျိုက်ထိုမြို့နယ် ကျောင်းရွာကျေးရွာ ပညာတံခွန်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက စာအုပ်၊ စာစောင် ၅၀၊ မြို့နယ်တိုင်းရင်းဆေးကုဌာနက စာအုပ်၊ စာစောင် ၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင် ၈၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စာအုပ် ၉၄ အုပ်နှင့် ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တို တို ထွာ ထွာ ဖတ် စ ရာ

သဘာဝနည်းဖြင့် သည်းခြေကျောက်ကို ဖယ်ရှားနိုင်

သည်းခြေ၌ ကျောက်တည်သောရောဂါလက္ခဏာတစ်ခုမှာ အစာများများစားပြီးနောက် ဝမ်းဗိုက်ပြည့်အင့်ဖောင်းကားလာကာ အစာမကြေသလို ခံစားရမည်။ ရောဂါပြင်းထန်ပါက အသည်းတစ်ဝိုက်တွင် နာကျင်မှုကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်းမှာ ပထမ ငါးရက်တွင် နေ့စဉ် ပန်းသီးဖျော်ရည် (Apple Juice) လေးခွက် သောက်ပါ။ သို့မဟုတ် ပန်းသီး လေး-ငါးလုံးစားပါ။ (ပန်းသီးဖျော်ရည် သို့မဟုတ် ပန်းသီး မိမိနှစ်သက်ရာ စားသောက်နိုင်သည်။) ပန်းသီးဖျော်ရည်သည် သည်းခြေကျောက်ကို ပျော့စေနိုင်သည်။ ထိုငါးရက်အတွင်း အစားအစာကိုလည်း ပုံမှန်စားသုံးရန် ဖြစ်သည်။

ခြောက်ရက်မြောက်နေ့တွင် ညစာမစားဘဲ ထိုနေ့ညနေ ၆ နာရီတွင်မှ ဆားခါးတစ်ဇွန်းကို ရေနွေးတစ်ဖန်ခွက်နှင့် သောက်ပါ။ ည ၈ နာရီတွင် ဆားခါးတစ်ဇွန်း ထပ်သောက်ပါ။ ဆားခါးသည် သည်းခြေ အိတ်ပြွန်များကို ပွင့်စေပါသည်။

ည ၁၀ နာရီတွင် သံလွင်ဆီ(သို့မဟုတ်) နှမ်းဆီပန်းကန်လုံးတစ်ဝက်ကို လတ်ဆတ်သော သံပရာရည်ဖြင့်ရော၍ သောက်ပါ။ သေချာစွာရောမွှေပြီးမှ သောက်ပါ။ ဆီသည် သည်းခြေကျောက်များကို ချောမွေ့စွာ ထွက်နိုင်စေသည်။ နောက်တစ်နေ့ ဝမ်းသွားသောအခါတွင် ဝမ်းထဲ၌ အစိမ်းရောင်ကျောက်တုံးကလေးများကို တွေ့ရမည်။ ပန်းသီးသည် ဆေးဖက်ဝင် သဘာဝဓာတ်စာဖြစ်ပြီး ဘေးထွက်ဆိုးကျိုးများကိုလည်း မဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄ - ၅ - ၂၀၁၁

တကောင်း	၃ ဒသမ ၃၅ လက်မ
ဖြူး	၁ ဒသမ ၈၁ လက်မ
မိုးကုတ်	၁ ဒသမ ၇၇ လက်မ

အပိုလို(၁၇) အာကာသယာဉ်မှူးတစ်ဦး လမျက်နှာပြင်ပေါ်ရှိ ကျောက်သားနမူနာများကို ရယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာကာသသိပ္ပံ အင်တာနက်သတင်း

ဘာသာပြန် တက်လူ

လမျက်နှာပြင် ကျောက်သားနမူနာ နယ်လှည့်ပြပွဲအဖြစ် နာဆာပြသမည်

ဝါရှင်တန် မေ ၄

အမေရိကန် အာကာသအေဂျင်စီ(နာဆာ)သည် အပိုလိုအာကာသယာဉ်မှူးများ သယ်ဆောင်လာသော လမျက်နှာပြင်ပေါ်ရှိ ကျောက်သားနမူနာတစ်မျိုးကို ယခုရက်သတ္တပတ်နှောင်းပိုင်း၌ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိကြောင်း နာဆာ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျောက်သားနမူနာ နယ်လှည့်ပြပွဲအဖြစ် ခင်းကျင်းပြသရန် စီစဉ်ထားသော လမျက်နှာပြင် ကျောက်သားနမူနာမှာ သက်တမ်း နှစ်ပေါင်းလေးဘီလီယံရှိပြီဆို၏။

အဆိုပါ လမျက်နှာပြင် ကျောက်သားနမူနာကို အပိုလို(၁၇) အာကာသယာဉ်မှူးများက ၁၉၇၂ ခုနှစ်တွင် ကမ္ဘာသို့ သယ်ဆောင်လာခဲ့သည်။

လမျက်နှာပြင် ကျောက်သားနမူနာကို နယ်လှည့်ပြပွဲအဖြစ် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် **စာမျက်နှာ ၅ ကော်လံ ၄ သို့ ❍**

ယနေ့ အညွှန်း

အောင်ရှင်း၏ "ပြောင်လိမ်ပြန်ပြီ BBC" (ဆောင်းပါး)

စာမျက်နှာ - ၆ တွင် ဖတ်ရှုနိုင်ပါသည်။

မေတ္တာကမ္ဘာ ကျေးရွာစာကြည့်တိုက်ဖွင့်

(သတင်း) စာမျက်နှာ - ၁၁

ဒေးဗစ်ဘက်ခမ်း (၃၉)နှစ်အထိ ဘောလုံးကစားမည်

(သတင်း) စာမျက်နှာ ၁၀

အောင်ပွဲရမြန်မာ့လက်ရွေးစင် များပစ်အသင်းအား ဂုဏ်ပြု

(သတင်း) စာမျက်နှာ - ၁၀